www.burmeseclassic.com

Eainmakathit presents

the Khit Nay



# OUT OF SERVICE

please call me back

သည်ခေတ်နေ

# ဆက်သွယ်မှုဧရိယာပြင်ပ

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

**Eainmakathit**
38 (3rd fl) 153 rd Lane, Tamwe Ts, Yangon.
195112428, 551403

# သည်ခေတ်နေ

ဆက်သွယ်မှုရေးယာ ပြင်ပ

အိမ်မက်အသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သည့်ခေတ်နေ့၏ အမှာစာ

ဤဝတ္ထုသည် ကြီးကျယ်ခမ်းနားသောဝတ္ထု မဟုတ်ပါ။
တစ်ပတ်အတွင်း...
နေ့ရင်းထိုင်ရင်း ရှော့ခ် (Shock) ရိုက်သွားသော
လူငယ်တွေကြားက မတော်တဆအဖြစ်အပျက်တစ်ခုသာ
ဖြစ်ပါကြောင်း။



**Oh!**
**So sample.**
**Get a new**
**perspective.**



ရိုးရိုးလေးပါ။
အခြားရှုထောင့်သစ်တစ်ခုကနေ ပြောင်းကြည့်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီညက
ကောင်းကင်ရဲ့ ရင်ဘတ်ထဲကနေ လွတ်ကျခဲ့ရတဲ့
ကြယ်ပွင့်လေး
ရုတ်တရက် ကြွေလွင့်သွားပေမယ့်
ခမ်းနားဆဲ ကြယ်အချို့ကိုတော့
ကောင်းကင်ကြီးက မလွတ်တမ်း ဖမ်းဆုပ်နိုင်ခဲ့တာပဲ
မဟုတ်လား။
ဒါ... မတရားတာပါပဲ။ ။
(တစ်ခါတုန်းက ကျွန်တော့်အတွက် မွန်းတည့်ကြယ်လေး
သို့ အမှတ်တရ)



BURMESE CLASSIC .com

သတ္တာနံ့ ဗဟူနိ မရဏာကရဏာနိ။
သတ္တဝါတို့မှာ သေရခြင်းအကြောင်း များစွာရှိကုန်၏။

(ဇာတ် အဋ္ဌကထာ... တတိယတွဲ၊ စာ - ၃၂၅)



www.burmeseclassic.com

www.burmeseclassic.com



# အရှင်ဖရန့် စစ်ဆုတောင်း

သခင် ရှင်တော်မြတ်ဘုရား။

ရှင်တော်မြတ်ရဲ့ ငြိမ်းချမ်းရေးလက်နက်အဖြစ်

အသုံးတော်ခံပါရစေသား။

မုန်းတီးရာရာမှ - မြတ်နိုးခြင်း ပျိုးထောင်နိုင်ရပါစေသား။

နာကြည်းရာရာမှ - ခွင့်လွှတ်ခြင်း ပျိုးထောင်နိုင်ရပါစေသား။

ယုံမှားရာရာမှ - ယုံကြည်ခြင်း ပျိုးထောင်နိုင်ရပါစေသား။

အားငယ်ငယ်ရာရာမှ - မျှော်လင့်ခြင်း ပျိုးထောင်နိုင်ရပါစေသား။

မှောင်မိုက်ရာရာမှ - လင်းရောင်ခြည် ပျိုးထောင်နိုင်ရပါစေသား။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းရာရာမှ – ဝမ်းသာခြင်း ပျိုးထောင်နိုင်ရပါစေသား။

သခင်… ရှင်တော်မြတ်ဘုရား။

ကိုယ်နှစ်သိမ့်ခံရဖို့ထက် ကိုယ်က နှစ်သိမ့်ဖို့ကို ရှာကြံနိုင်ရပါစေသား။

ကိုယ်နားလည်ခံရဖို့ထက် ကိုယ်က နားလည်ဖို့ကို ရှာကြံနိုင်ရပါစေသား။

ကိုယ်မြတ်နိုးခံရဖို့ထက် ကိုယ်က မြတ်နိုးဖို့ကို ရှာကြံနိုင်ရပါစေသား။

ဘာကြောင့်ဆို ပေးကမ်းခြင်းဖြင့် ရရှိပါတယ် ဘုရား။

ခွင့်လွှတ်ခြင်းဖြင့် ခွင့်လွှတ်ခံရပါတယ် ဘုရား။

သေဆုံးခြင်းဖြင့် တစ်ဖန်ဖွားသစ်ပြီး…

ထာဝရ အသက်ရှင်ပါတော့တယ် ဘုရား။

(အစစ်စီမြို့သား အရှင်ဖရန့်စစ်)





## နိဒါန်း

Sony Ericsson (X PERIA U) ဖုန်းအမျိုးအစား Touch Screen ပေါ်၌ ဘယ်ညာ လက်မနှစ်ခု ယောက်ယက်ခတ်နေပါသည်။

လက်ပိုင်ရှင်ကို မိန်းကလေးဟု တပ်အပ်ပြောနိုင်၏။

အဘယ်ကြောင့်ဆိုသော် ခပ်သွယ်သွယ် လက်မအစုံပေါ်တွင် ရေးခြယ်ထားသော (nail art) လက်သည်းပန်းချီလက်ရာကြောင့် ဖြစ်သည်။

ထိုလက်ရာမှာ





www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ဖြစ်ပြီး message box အတွင်း ရိုက်နှိပ်ပြေးပွားနေသော အင်္ဂလိပ်စာလုံးပေါင်းသတ်ပုံမှာ...








ထို message ဝင်ရောက်လာရာ ဖုန်းနံပါတ်အတိုင်း စက္ကန့်ပိုင်းအတွင်း တစ်ဖက်ဖုန်းမှ ပြန်လည်ခေါ်ဆိုကြည့်လိုက်သည့်အခါ...



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းအတွင်း…

# အား !

မိုးကြိုးပစ်ချလိုက်သကဲ့သို့။

တုန်ယင်အက်ကွဲစွာ ကြားလိုက်ရသော မိန်းကလေး တစ်ယောက်၏အသံ ဖြစ်လေသည်။

အလွန်တရာကြောက်မက်ဖွယ်ကောင်းသော ဖုန်းထဲမှ ပေါ်ထွက်လာသည့် အော်မြည်သံကြီးတစ်ခု။

ကြားရသူအဖို့ ကြောက်ခမန်းလိလိ။

သူ့လက်ထဲက ကိုင်ထားသည့်ဖုန်းပင် ပြုတ်ကျလု မတတ် ဖြစ်သွားရပါသည်။

❖





ဒီကိစ္စကို သင်

ဘယ်လိုထင်ပါသလဲ မိတ်ဆွေ?



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

**26 DECEMBER 2013.**

ခရစ်စမတ်အလွန်နေ့ တစ်နေ့ဖြစ်သည်။

အချိန်က မွန်းလွဲချိန်ဖြစ်၏။ နေရာက မြို့ထဲရှိ Yes English Language သင်တန်းကျောင်းတစ်ခု၌ ဖြစ်သည်။ သင်တန်းခန်းမများဆီသို့ တက်ရောက်ရာ လှေကားတစ်ကွေ့မှာ ဆောင့်ကြောင့်ထိုင်ရင်း ဝတုတ်တစ်ယောက်တည်း ခေါင်းချွေး များပျံနေ၏။

သူ့လက်ကိုင်ဖုန်းအတွင်း ဝင်ရောက်လာသော message ကို ပြူးပြူးပြဲပြဲ ဖတ်ကြည့်နေသည်။

လှေကားထစ်များမှတစ်ဆင့် သင်တန်းပေါ်ကို တက်ရောက်လာကြသည့် သင်တန်းသူ သင်တန်းသားတချို့ကလည်း သူ့အား ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြသည်။

သူ့မှာတော့ မည်သူ့မျှ ဂရုမစိုက်နိုင်အား။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပေလွှာပေါ် ရေးသားထားသည့် ရှမ်းဘုန်းကြီး အိပ်မက်လိုလို message တစ်စောင်ကြောင့် ဖြစ်၏။

သူ့အဖို့ အိပ်မက်ကောင်းကောင်းမက်ဖို့ ဝေးစွ။ အပြင်မှာ ရှမ်းဘုန်းကြီးကိုလည်း ဖြူလား? မဲလား? ဘယ်တုန်းကမျှ မမြင်ဖူးခဲ့ပါ။

သေချာတာက…

သူသည် ကြားဖူးနားဝရှိခဲ့သော လူတို့၏ ယုံတမ်းစကားများကြောင့် ဤ message တစ်စောင်နှင့် တိုင်ပင်နေရခြင်းဖြစ်သည်။

ဝတုတ်၏ မျက်လုံးများက အဝိုင်းသားနှင့်။ နဖူးပေါ်မှ စီးကျလာသော ချွေးစများအား လက်ခုံဖြင့် သုတ်ယူလိုက်၏။

ဒါ ဘာအဓိပ္ပါယ်လဲဟု မေးဖို့ရန်မှာ သူ့အနားတွင် ဘယ်သူမျှ မရှိ။

အရေးအကြောင်းဆို တစ်ယောက်မှ အားမကိုးရ။

စွန်ရဲ၊ အေးချမ်းသူ၊ ဖိုးပိန်၊ ရွှေစင်၊ ကြယ်ဖြူ၊ ဇင်ကြီးနှင့် လှလှရီ။ ထိုသူငယ်ချင်း ၇ ယောက်လုံးကို စိတ်ထဲကကျိန်ဆဲမည်အလုပ် သူ့ဦးနှောက်မှတ်ဉာဏ်ထဲမှာ လင်းခနဲဖြစ်သွားပါ၏။





သူ့ဘော်ဒါနာမည်များကို တစ်လုံးချင်းပြန်ရွတ်ရင်း လက်ချောင်းတစ်ချောင်းစီကို ချိုးတွက်ရေရွတ်မိပြန်သည်။

ကျား ၃၊ မ ၄ ပေါင်း လူ ၇ ယောက်။

ဒီလောက်သေချာတာတောင် ဒီထက်သေချာတာ မရှိ။

ရှမ်းဘုန်းကြီး ပေစာဖြင့် လုံးဝ လုံးဝကွက်တိ။

အားလုံးပဲ ကြည့်လိုက်ကြပါ။

သူ၏ လက်ကိုင်ဖုန်းထဲ ဝင်ရောက်ထားတဲ့ ရှမ်းဘုန်းကြီး အိပ်မက်ရွှေပေလွှာဆိုသည်မှာ…



www.burmeseclassic.com



Don't call me crazy...

I much prefer the term "mentally hilairous"

* * * ဤ message အား ဖတ်မိသူသည် သင့်အနီးအနားက လူခုနစ်ဦးဆီသို့ (၁၀ မိနစ်အတွင်း) တစ်ဆင့် ပြန်လည်လက်ဆင့်ကမ်းပေးပို့ပေးပါရန် * * *

အကယ်၍

အချိန်မီလက်ဆင့်မပွားနိုင်ပါက သင့်ဘဝတွင် အသက်အန္တရာယ်ဆိုးကြီးနှင့် ချက်ချင်းကြုံတွေ့ရပါလိမ့်မည်။

ထိုဘေးဆိုးများထဲက ဥပမာတချို့မှာ...

1. ကုန်းသွား ကုန်းဘေး

2. ရေသွား ရေဘေး

3. လေသွား လေဘေး နှင့်အတူ အဆိုးဝါးဆုံးဘေးအန္တရာယ်ကား...

"သင်ကြံစည်ရာဟူသမျှ လေထဲမှာတင် ပျက်ယွင်းလေစွ"ဟူသတည်း။





ဝတ္တတ်တစ်ယောက်တည်း ဂနာမငြိမ်ဖြစ်နေရှာသည်။ တစ်ခေါင်းလုံးလည်း ထူပူနေ၏။ ပုံစက ဖားအိုကြီး အသက်ငင်သလို ဖုတ်လှိုက် ဖုတ်လှိုက်ပါ ဖြစ်နေ၏။ ဝင်ထားသောခြိမ်းခြောက် message နောက်တစ်ပုဒ်ကို သူ့ပါးစပ်က အသံထွက်ပြီး ဖတ်ကြည့်နေမိပြန်သည်။

www.burmeseclassic.com



(by the C'sar Cipher)

JFK VLOII MEX KDXO ....

MVXT QXO ILXA

လက်ခံရရှိထားသော ခြိမ်းခြောက်စာကို တစ်လုံးချင်း စီ, ဖတ်သာ ဖတ်လိုက်ရ၏။

ဘာတွေရေးလို့ ရေးထားမှန်း မသိ။

သူ အရမ်းခေါင်းစားနေပါသည်။ ဘာဖြစ်ဖြစ် လောလောဆယ် နားလည်ရန် မလို။ လုပ်စရာရှိတာ အမြန်ဆုံးလုပ်ရမည်။

ထို message ကို အရင်ဦးဆုံး သူ Forward လုပ်လိုက်သည်။ ခြိမ်းခြောက်ထားသည့်အတိုင်း လူခုနစ်ဦးပြည့်အောင် add to contests ဖုန်းစာအုပ်ထဲဝင်၍ နာမည်များကို လိုက်ရှာနေပါသည်။





ဟုတ်ပြီ။ တွေ့ပြီ။

| | |
|---|---|
| အေးချမ်းသူ | ✓ |
| ဖိုးပိန် | ✓ |
| ရွှေစင် | ✓ |
| ကြယ်ဖြူ | ✓ |
| ဇင်ကြီး | ✓ |
| လုလုရီ | ✓ |

ခြောက်ယောက်ပဲ ရှိသေးသည်။ remark ထပ်ပေးဖို့အနေဖြင့် သူ့ဘော်ဒါအရင်းအချာများထဲက နောက်တစ်ယောက် 'ခွန်ရဲ' ဆိုတဲ့နာမည်ကို အလွယ်တကူရှာမရသေး။

သူပဲ မျက်စိလျှမ်းသလား။

ဖုန်းမှတ်စုထဲမှာတင် ပျောက်နေ၍ နောက်တစ်ခေါက် ဆက်ရှာကြည့်ပါသည်။ ဖြစ်ချင်တော့ သူသည် တစ်နေ့တာ ဖုန်း list များကို အမြဲ clear လုပ်တတ်သည်။ နောက်ကောင် ခွန်ရဲဘက်ကလည်းဒီမနက်မှ သူ့ဆီ ဖုန်းခေါ်ထားတာ မရှိ။

သတ်မှတ်ချိန် ၁၀ မိနစ်ပြည့်ဖို့ရန်ကလည်း စက္ကန့်ပိုင်းမျှသာ လိုပါတော့သည်။

နောက်ဆုံးအချိန်ထိ ကြိုးစားရှာ၏။ သို့သော် သူ့အတွက် အချိန်တွေက နောက်ကျသွားလေပြီ။

'ရှစ် . . .'



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုယ်သူ ကျိန်ဆဲရင်း ယူကျုံးမရစွာဖြင့် အားမာန်တို့ပါ လျှော့လိုက်ရပါသည်။

ဒုက္ခတော့ ရောက်တော့မည်။

ထို message အား အချိန်မီ လူခုနစ်ဦးဆီသို့ မပို့နိုင်ခဲ့သည့် သူ့ကို အဘယ်နတ်ဘုရားက ခွင့်လွှတ်နိုင်ပါမည်နည်း။

ဘဝက သေချင်စော်နံသွားပါသည်။

ဘာမှဆက်မလုပ်နိုင်တော့ဘဲ တစ်လောကလုံး မှောင်အတိကျသွားသလို နေရာမှာတင် အရုပ်ကြိုးပြတ်ဖြစ်သွားရပါ၏။

ထိုအခိုက်မှာပင်...

'လူကြီးမင်း ပေးပို့သော message မှာ သတ်မှတ်ချိန်အတွင်း မရောက်ရှိပါသဖြင့် ဒုက္ခလှလှကြီးနှင့် ရင်ဆိုင်ရပါတော့မည်ရှင်'

ဘယ်ညာသံပေး၍ ဝတုတ်အနားကို တပြုံတမကြီး ရောက်ရှိလာပါသည်။'

သူတို့ခြောက်ယောက်လုံး၏ လက်ထဲမှာ ဖုန်းတစ်လုံးစီကိုင်ရင်း ဝတုတ်၏အဖြစ်သနစ်ကို စာဖွဲ့ကာ ဟက်ဟက်ပက်ပက် ရယ်မောနေကြပါသည်။

ထိုခြောက်ယောက်စလုံး၏ နောက်မှာမှ လက်ညှိုး





လေးတထိုးထိုးဖြင့် ရောက်ရှိလာသူက စွန်ရဲ။ သူ၏လက်ထဲတွင်လည်း ဒီနေ့မှ လဲကိုင်လိုက်သည့် GSm ဖုန်းသစ်တစ်လုံးကို ကိုင်ဆောင်လာပါသည်။

ဝတုတ်က သူ့ရှေ့ရောက်လာသူ စွန်ရဲအား မျက်ထောင့်နီကြီးကပ်ကာ စိုက်ကြည့်ပြီး...

'လက်စသတ်တော့ ဒါ မင်းလက်ချက်ပေါ့လေ၊ မင်းငါ့ကို ကျပ်တာမဟုတ်လား စွန်ရဲ'

သေချာပေါက်ကြီး စွပ်စွဲပါသည်။

အရယ်တစ်ဝက်ဖြင့် စွန်ရဲ၏ မျက်နှာပေးက ချက်ချင်းတည်သွားကာ...

'စိတ်ထင်တိုင်း ကျပ်ရအောင် မင်းက မူလီလား'

'မူလီမဟုတ်ဘူးဟေ့၊ ဝတုတ်က ကူလီ'ဆိုပြီး ကြားထဲကနေ ဇင်ကြီးကပါ ဝင်နှောက်ပါသည်။

ဝက်အိုမကြီး သူ့အသားကို ခပ်ပါးပါးအလီးခံရသလို နှခေါင်းကြီးကိုရှုံ့ကာ တင်းသွားပါသည်။ ထိုပုံစံကိုကြည့်ပြီး သူတို့ထဲမှာ စကားထစ်သော ဖိုးပိန်က...

'အား... အားလုံး ကြည့် ××× ကြည့်ထား ××× ဝက် ××× ဝက် ××× ပုတ် ××× အီး ××× အီးတင်းနေတဲ့ရုပ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်ကလီလိုက်ပါသည်။

'ဟော့ကောင်… မင်းအပေါက်ကို ပိတ်'

ဆိုပြီး ဝတုတ်က ဖိုးပိန်အင်္ကျီစကို ဆောင့်ဆွဲလိုက်၏။

'ဝတုတ်… ငါတို့က မင်းကို ချစ်လို့စတာ၊ ဘာလဲ မင်းက ဒီမိုကရေစီရပြီဆိုပြီး အောက်ခြေလွတ်သွားတာလား'

စွန်ရဲဘက်က ကြယ်ဖြူကပါ ဝင်၍ စစ်ကူလိုက်ပါသည်။

'အေးလေ… ဝတုတ်ကလည်း၊ ငါတို့က နင့်ကို ခင်လို့ နောက်တဲ့ဟာကိုး၊ ကဲ… အားလုံး လာကြ၊ အတန်းတက်ကြမယ်'

ကြယ်ဖြူ၏ ဦးဆောင်ရာ စာသင်ခန်းရှိရာသို့ အားလုံး တက်ညီလက်ညီ လိုက်ပါသွားကြသည်။

ပေစောင်းစောင်းဖြင့် ဝတုတ်၏ မကျေနပ်ပုံ အရိပ်အယောင်များက အတန်းထဲရောက်တဲ့အထိ မပျောက်သေး။

ရုပ်တည်ကြီးဖြင့် သူ့ကို ဘယ်သူကမှ ဂရုမစိုက်သလိုပဲ ဟန်ဆောင်နေလိုက်ကြသည်။

အတန်းပြီးမှ ထပ်ပြီး အစဆွဲထုတ်ရဦးမည်ဟု စွန်ရဲစိတ်ထဲက အားခဲထားပါသည်။

အတန်းထဲမှာ ဆရာ သင်ကြားသော English Grammar ကို စိတ်မဝင်စားနိုင်ဘဲ ဝတုတ် တစ်လောကလုံးကို တစ်ချိန်လုံး မကျေမနပ်ဖြစ်နေပါသည်။

ထိုသို့ဖြင့် အတန်းလွှတ်ချိန်ကို ရောက်ခဲ့၏။

❖





ရွှေဘုံသာလမ်းထိပ်က တိုက်ကျိုးကြက်ကြော်ဆိုင်မှာ သူတို့တွေ အိမ်အပြန် ကြက်ကြော်ဝင်စားကြပါသည်။

အားလုံး လက်တို့ထားသည့်အတိုင်း ကြက်ကြော်တွေမှာ စား၊ စကားတွေ ဖောင်ဖွဲ့နေအောင်ပြောရင်း ဝတုတ်ကို ဘေးမဲ့ပေးထားကြ၏။

'အဟမ်း… အဟမ်း…'

ဘယ်လိုပဲ သူရှိနေကြောင်း သက်သေပြပြ ဘယ်သူကမှ သူ့ကို သောက်ဖက်မလုပ်။ လုလုရီကဆိုရင်…

'နင့်ဟာက ဟုတ်ရဲ့လား စွန်ရဲရဲ့'

ဆိုပြီး ကျိန်းသေအောင် ထပ်မံမေးခွန်းထုတ်သည်။

အားလုံးကလည်း စွန်ရဲအဖြေကို စိတ်ဝင်တစားဖြစ်နေသည်။

'ဖြစ်နိုင်တယ်၊ စွန်ရဲ ပြောရင် မလွဲနိုင်ဘူး၊ ငါတို့အားလုံးထဲမှာ ဒီကောင်က ဂျာနယ်လစ်မို့လို့လား မသိဘူး၊ တော်တော် ဗရွတ်ဗရွတ်ကြွယ်တဲ့ကောင်'



www.burmeseclassic.com

www.burmeseclassic.com



'ဗဟုသုတကြွယ်တာ လုပ်စမ်းပါ၊ ပြောလည်း ပြောချင်တယ်၊ အသုံးလည်း မကျဘူး'

ဇင်ကြီး၏ အမှားကို ရွှေစင်က ဝင်ထောက်၏။

'ငါပြောတာ မမှားဘူးဆိုရင် လုံးဝသေချာတယ်၊ ကမ္ဘာမှာ အမျိုးသားတွေထက် အမျိုးသမီးတွေက ကိုးဆပိုပြီး အသည်းကွဲလွယ်တယ်၊ အဲဒါ အမေရိကန်ပြည်ထောင်စု အာကင်ဆက်တက္ကသိုလ်က နှလုံးအထူးကုဆရာဝန်တွေရဲ့ နောက်ဆုံးလေ့လာချက်အရ စွန်ရဲဆိုတဲ့ကောင်က ပြောတာ၊ မယုံရင် ပုံပြင်မှတ်'

'ဒုန်း…'

ရုတ်တရက် ခုံပေါ်ထုချလိုက်သော ဝတုတ်၏ လက်သံ။

တစ်ဖွဲ့လုံး သူ့ဆီ အကြည့်ရောက်သွားကြသည်။

'ငါ့ကို သောက်ဖက်လေး ဘာလေးလုပ်ဦး၊ ငါ့ဒေါသက ခုထိ ပြေသေးတာ မဟုတ်ဘူးနော်၊ ဟေ့ကောင်… စွန်ရဲ'

'အေး… ပြော သူငယ်ချင်း'

ဝတုတ် ဘယ်လောက်ပင် မျက်နှာကြီးညိုပုပ်နေနေ စွန်ရဲက သွေးအေးအေးနှင့် ခွန်းတုံ့ပြန်လိုက်သည်။ ပြီးနောက်





လက်သီးလက်မောင်းတန်းကာ ဝတုတ်က သူသိချင်တာကို မေးလိုက်၏။

'ငါည့်လို့ ငါခံရတာ ထားပါ၊ မင်းပို့တဲ့ Message ရဲ့ အဓိပ္ပာယ်က ဘာလဲ၊ ငါ အရမ်းသိချင်နေတယ်'

ဘေးက လှလှရီတို့၊ ဇင်ကြီးတို့ကပါ ဝတုတ်၏ မေးခွန်းကို ဝင်ရောက်ဖြည့်စွက်ပါသည်။

'အေး… ဟုတ်တယ် စွန်ရဲ၊ ငါတို့လည်း နင့်ဘက်ကနေ နောက်ချင်လို့သာ ဝင်နောက်လိုက်ရတာ၊ နင့် Message ကြီးက အင်္ဂလိပ်လိုလည်း မဟုတ်၊ မြန်မာလိုလည်း မဟုတ်ဘဲနဲ့ ဘာကြီးလဲဟ'

စွန်ရဲက ခန့်ခန့်ကြီးလုပ်ကာ ဆရာကြီးစတိုင်လ်ဖြင့်…

'အဲဒါ ရောမဘုရင် ဆီဇာရဲ့ ဝှက်စာရေးနည်းပဲ၊ မသိရင် လိုက်မှတ်ထားကြ'

ဆိုပြီး သူ လေ့လာသိရှိထားတဲ့ ဂျူလီယက်ဆီဇာ၏ ဝှက်စာရေးနည်းကို ရှင်းပြပါသည်။

**ရောမဘုရင် ဆီဇာ၏ ဝှက်စာရေးသားနည်း**



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာ သာမန်အက္ခရာများဖြင့် စာကိုရေးလိုက်ပြီး ယင်းအကြောင်းအောက်တွင် ဝှက်စာအက္ခရာများကို ရေးသားရသည်။ ဝှက်စာအက္ခရာမှာ သာမန်အက္ခရာကို သုံးနေရာ ရွှေ့ပြောင်းထားခြင်းသာ ဖြစ်သည်။

| | | | | | | |
|---|---|---|---|---|---|---|
| ပုံမှန်အက္ခရာ | A | B | C | D | E | F |
| ဝှက်စာအက္ခရာ | D | E | F | G | H | I |

SPIES ဟူသော စာလုံးကို ဝှက်စာ Cipher အဖြစ် ပြောင်းပါက (S သည် U)၊ (P သည် S) ၊ (I သည် L)၊ (E သည် H) နှင့် အသီးသီးပြောင်းသွားသဖြင့် USLHV ဖြစ်လာသည်။

အက္ခရာများကို နေရာရွှေ့ပြောင်းခြင်းသည် သုံးလုံး ထက်ပို၍သော်လည်းကောင်း၊ လျော့၍သော်လည်းကောင်း နှစ်သက်သလို ရွှေ့နိုင်သည်။

အရေအတွက်မည်မျှရွှေ့ထားသည်ကို မသိသော်လည်း အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ခြင်းဖြင့် ဖြေရှင်းနိုင်သည်။

"TXQZE LRQ သည် ဆီဇာ၏ ဝှက်စာဖြစ်သည်။ အက္ခရာတစ်လုံးစီ၏ အောက်တွင် ယင်းအက္ခရာ၏ နောက် စာလုံးများကို ရေးချသွားပါက ပေးပို့သောသတင်း၏ အဓိပ္ပာယ် ဖော်သော စာလုံးများ မရှေးမနှောင်းပေါ်လာပေမည်။





| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| T | X | Q | Z | E | L | R | Q | ဝှက်စာ |
| U | Y | R | A | F | M | S | R | |
| V | Z | S | B | G | N | T | S | |
| W | A | T | C | H | O | U | T | သတင်းပို့ချက် |

❖



www.burmeseclassic.com

www.burmeseclassic.com



ထိုအတိုင်းဆိုပြီး ဝတုတ်ဖုန်းသို့ နောက်ပြောင်ပေးပို့လိုက်သော message ၏ အဓိပ္ပာယ်ကို သူက အခုလို အားလုံးရှေ့မှာ ဖွင့်ချပြလိုက်ပါသည်။

(by the C'sar Cipher)

ဆီဇာ၏ ဝှက်စာအရ…

| | | | | |
|---|---|---|---|---|
| JFK | VLOH | MEX | KDXO | (ဝှက်စာ) |
| KGL | WMPI | NFY | LEYP | |
| LHM | XNQJ | OGZ | MFZQ | |
| MIN | YORK | PHA | NGAR | (သတင်းပို့ချက်) |
| (မင်း) | (ယောက်) | (ဖ) | (ငါ) | |
| | MVXT | QXO | ILXA | (ဝှက်စာ) |
| | NWYU | RYP | JMYB | |
| | OXZV | SZQ | KNZC | |
| | PYAW | TAR | LOAD | (သတင်းပို့ချက်) |
| | (ပြော) | (တာ) | (လုပ်) | |





'မင်းယောက်ဖ ငါပြောတာလုပ်' ဆိုတဲ့အတိုင်း ဝတုတ် တစ်သဝေမတိမ်း အားလုံးရှေ့တော်မှောက်မှာ လိုက်နာခဲ့၍ ခုတော့ အားလုံးဝိုင်းဟားခြင်းကို ခံနေရပါပြီ။

တန်ပြန်တိုက်စစ်အနေဖြင့် အားလုံးအား မျက်မှောင်ကြီးကုတ်ကြည့်ပြီး ဝိုင်းထဲကနေ သူ အရင်ဆုံးထထွက်သွားပါတော့သည်။

ထိုအခိုက်…

'ဟေ့ကောင် ဝတုတ်'

စွန်ရဲ၏ နောက်ဘက်က လှမ်းခေါ်သံကို ကြားလိုက်ရ၍ သူ၏ လှမ်းလက်စခြေလှမ်းများ ရပ်တန့်သွားပြီး…

'ဘာလဲ ဟေ့ကောင်'

သူ့အား ပြန်လှည်ချော့သိပ်တော့မည်ထင်ပြီး အသံခပ်မာမာဖြင့် ထူးရင်း တစ်ဖက်ပြန်လှည့် မေးငေါ့ပြလိုက်သည်။

စွန်ရဲ၏ နှုတ်ခမ်းထောင့်နှစ်ခု ကွေးညွှတ်သွားတာကို လှမ်းမြင်လိုက်ရပြီး သူ ပြန်ကြားလိုက်ရသော စကားသံက…

'ကားတိုက်နေဦးမယ်၊ မင်းသွားရင် ကားလမ်းကြည့်ကူး'

'တောက်…'

ဝတုတ် ကမူးရှူးထိုး ဆောင့်ထွက်သွား၏။ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ သူတို့ကောင်တွေရဲ့ ရယ်သံများကလည်း ရွှေဘုံသာလမ်းပေါ်သို့ လျှံထွက်သွားလေတော့သည်။





ထိုကဲ့သို့

ပေါက်တတ်ကရအလုပ်တတ်ဆုံး
သတ္တဝါကို
စွန့်ရဲဟု အားလုံးက
အတိအလင်း ထောက်ခံ
ပြောကြားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

**27 DECEMBER 2013**

ဒီနေ့ နေရထိုင်ရတာ ငြီးစီစီနဲ့ တစ်မနက်လုံး အိမ်ထွင်းအောင်းနေလို့လား မသိ။ အရင် အောင့်နေကျ ဘယ်ဘက်ရင်အုံတစ်ဝိုက်က စူးခနဲ စူးခနဲ ဖြစ်နေ၏။

နှလုံးရောဂါအခံရှိသူ ကြယ်ဖြူအတွက် ဒါဖြစ်နေကျဆိုပေမယ့် ဖြစ်တိုင်းလည်း တော်တော်နာကျင်ခံစားရပါသည်။

သို့သော် အခုလို တော်ဝင်စင်တာကို Shopping ထွက်ဖို့ အကောင်းဆုံးအကြောင်းပြချက်အား သယ်ဆောင်လာသူ လှလှရီကို သူမ ကျေးဇူးတင်နေမိသည်။

'ဟဲ့… ကြယ်ဖြူ၊ လာမယ့် ဒီဇင်ဘာ ၃၁ ရက်နေ့က နင့်မွေးနေ့နော်၊ အဲနေ့က နှစ်သစ်ကူး၊ အဲဒီအတွက် နင် လိုအင်တာတွေဝယ်ဖို့ ငါတို့ Shopping ထွက်ရင် မကောင်းဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူမတို့ အတူတူ တော်ဝင်စင်တာသို့ ထွက်လာခဲ့ဖြစ်ကြပါသည်။

အပြင်လေကောင်းလေသန့်နှင့် ထိတွေ့ပြီး လူတွေကြား တိုးဝင်လိုက်လို့လား မသိ။ သူမ တစ်မနက်လုံး ခံစားနေရတဲ့ ဝေဒနာကိုပင် ခပ်မေ့မေ့ဖြစ်သွား၏။

ထို့အပြင် ယခုမှ သူမတို့ရှိရာသို့ ဖုန်းဆက်ပြီး ရောက်ချလာသူက စွန်ရဲ။

ဘာရယ်ကြောင့် မသိ။ စွန်ရဲအကြောင်း တွေးလိုက်သည်နှင့် ရင်ထဲမှာ အေးချမ်းသွားသည်။ စွန်ရဲနှင့်တွေ့ရင် ပျော်သည်။

ဒီကောင်ကလည်း ရွတ်နောက်နောက်နှင့် အမြဲတမ်း ပျော်နေသူဖြစ်သည်။ ဘာကိုမှ စိတ်ညစ်တတ်သူ မဟုတ်။ မလိုအပ်ရင် ဘယ်အရာမှ ခေါင်းထဲထည့်ပြီး အလေးခံသည် မဟုတ်။

ဘဝကို ပေါ့ပေါ့ပါးပါးပဲ ဖြတ်သန်း၏။ သို့သော် သူ၏ပေါ့ပါးမှုကကို ပီပြင်လွန်းပါသည်။

တစ်ခါကဆိုရင် စွန်ရဲတစ်ယောက် သုံးညဆက်တိုက် မအိပ်ဘဲ မနက်အစောကြီး နေထွက်ချိန်ကို အချိန်အတိအကျ မှတ်၍ မှတ်တမ်းပြုစုခဲ့ဖူးသည်။ ထိုမှတ်တမ်းက...





| | | |
|---|---|---|
| ပထမတစ်ရက် နေထွက်ချိန် | = | ... နာရီ ၄၅ မိနစ်တိတိ |
| ဒုတိယတစ်ရက် နေထွက်ချိန် | = | ... နာရီ ၅၀ မိနစ်တိတိ |
| တတိယတစ်ရက် နေထွက်ချိန် | = | ... နာရီ ၃၀ မိနစ်နှင့် ၁၀ စက္ကန့်တိတိ |

ထိုမှတ်တမ်း၏ စစ်ချက်အရ...

**'မနက်ဖြန်တိုင်းရဲ့ နေထွက်ချိန်တောင်မှ သတ်သတ်စီ၊ မတူညီတာ။ ဘာဖြစ်လို့ ရှေ့ရေးကို တွေးပူနေကြမှာလဲ'**

တစ်နေ့ သူသေသွားသော်...

အခြားဂရိတွေးခေါ်ပညာရှင်တွေလို သမိုင်းဝင်အောင် မြန်မာတွေးခေါ်ပညာရှင်ကြီးအဖြစ် နာမည်ကြီးစေဖို့ဆိုပြီး သူ၏ ကိုယ်ပိုင်ဒဿနကို ဖော်ထုတ်ခြင်းဖြစ်သည်ဟု ဆို၏။ ကြောင် တောင်တောင်နိုင်လှသည့် သူ့လုပ်ရပ်အား သူ့တော်ဒါများက မြန်မာတွေးခေါ်ပညာရှင်ကြီး 'ငပေါ'ဆိုပြီး ဝိုင်းဝန်းထောပနာ ပြုခြင်းကိုလည်း ခံခဲ့ရဖူးသည်။ ထိုအခါ သူက ပြန်ပြော သည်မှာ...

'ဘာလဲ... မင်းတို့က ငါ့ကို ငပေါဆိုပြီး မြန်မာဆင်ဆာကနေ လွတ်အောင် ခေါ်နေတာလား၊ ပွင့်ပွင့်လင်းလင်းပေါ့၊ အားရပါးရ စောက်ပေါဖြစ် စောက်ပေါ ခေါ်ချလိုက်စမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူကပဲ…

'စောက်ပေါ်ဆိုတာ ငါက ဒီလို South-paw ကွ၊ ကတ်သီးကတ်သတ် အင်္ဂလိပ်ဝေါဟာရအရ ဘယ်ကျော်လို့ အဓိပ္ပာယ်ရတယ်၊ ဆင်ဆာဖြတ်တိုင်း လိုက်ပြီးယဉ်ကျေးနေပြရအောင် ငါကိုယ်တိုင် ဘယ်ကျော်ဖြစ်လို့ စောက်ပေါ်ဖြစ်တာဘာဖြစ်လဲ'

ဆိုပြီးတော့ပါ ပြောရေးဆိုခွင့်မရှိဘဲ ပြောရဲဆိုရဲရှိသူမှာလည်း စွန်ရဲပင်ဖြစ်ပါသည်။

ကြယ်ဖြူလည်း သူ့လို ဖြစ်ချင်သည်။

ထိုသို့နေနိုင်ရန် ကြယ်ဖြူ ကြိုးစားကြည့်ဖူးသည်။ သို့သော် ကိုယ့်ရောဂါအခြေအနေကို ကိုယ်ခံစားရတဲ့အချိန်တိုင်း မောပန်းနွမ်းလျှခြင်းက များလှပြီ။ ကိုယ့်ဝေဒနာကိုယ် အသိဆုံးဖြစ်၏။

အခုလည်း ကြည့်လေ။

သူမကို စိတ်သက်သာခွင့်ရအောင် စွန်ရဲက စကားတွေ ဖောင်ဖွဲ့ပြောရင်း ဘေးက လိုက်ပါလာသည်။ ဟိုဆိုင်ဝင် ဒီဆိုင်ထွက်ဖြင့် စင်တာတစ်ပတ်ပတ်ပြီး အပေါ်ရှိ နောက်တစ်ထပ်သို့ တက်မည်အလုပ် လှလှရီက တစ်စခန်းထလာပါသည်။





'ငါ အပေါ့်အရမ်းသွားချင်လို့ ခဏနေကြဦး'

'အခုလည်း တို့သုံးယောက်စလုံး အပေါ်သွားမှာပဲလေ'

သူ တကယ်ပဲ နားကြားလွဲတာလား မသိ။ စွန်ရဲပြန်ပြောပုံက လှလှရီအတွက် အရေးအကြောင်းမှာ စိတ်မကြည်သင်စရာ ဖြစ်သွား၏။

'နင့်အမေကြီးတော်က ရှူရှူးပေါက်ချင်လို့ဟဲ့'

'ငါ့အမေကြီးတော်က အိမ်မှာပါ၊ သူ ရှူရှူးပေါက်ချင်ရင် တိုးတိုးပေါက်မှာပေါ့၊ နင်က ဘယ်လိုလုပ် ဒီကနေသိနေတာလဲ လှလှရီရဲ့'

'ကျွတ်…'

လှလှရီ စုတ်တစ်ချက်သပ်လိုက်ပြီး…

'ဟဲ့… ကြယ်ဖြူ၊ နင့်လူ နင် ကြည့်ပြောထားဦး၊ ငါ Toilet ပြေးလိုက်ဦးမယ်'

ဆိုပြီး တက်သုတ်ရိုက်၏။

ကျန်ရစ်ခဲ့သောနေရာမှာတင် သူ့ကို သူမက တံတောင်နှင့် လှမ်းတွက်လိုက်ရင်း…

'နင်နဲ့ ငါ ဘာမှလည်းမဟုတ်ဘဲနဲ့ နင့်လူလို့ အပြော



www.burmeseclassic.com

www.burmeseclassic.com



ခံရပြီ၊ နင်ကလေ တကယ်ပဲ၊ တစ်ဖက်လူရဲ့ အလိုက်ကန်းဆိုးကို မသိတဲ့ကောင်'

'ငါက ဘာကိုသိရမှာလဲ၊ နင်ပဲ စဉ်းစားကြည့်လေ၊ ရှူးရှူးပေါက်တယ်ဆိုတဲ့ကိစ္စက တိုးတိုးပေါက်လည်း ရတာပဲ၊ ရှူးရှူးနဲ့ တိုးတိုးက အတူတူပဲမဟုတ်ဘူးလား'

'အဲတော့လည်း နင့်ကို ငါက တစ်ခွန်းပဲပြောလိုက်မှာပေါ့'

'ဘာလဲ'

'နင့်အမေကလွှားတဲ့မှပဲ'

သူတို့နှစ်ဦး ဘာရယ်မဟုတ်ဘဲ အပြုံးချင်းထပ်တူကျသွားလေသည်။

✣





ထိုအချိန် အပြေးဝင်ရောက်သွားသည့် လှလှရီတစ်ယောက် မ - Tiolet ထဲမှာ တစ်ယောက်တည်း ဗျာများနေ၏။

သူမလက်ထဲ ကိုင်ဆောင်သွားသော Gucci လက်ကိုင်အိတ်အား ဘေစင်ပေါ်မှာပဲ တင်ခဲ့ရင် ကောင်းမလား။ သူမ ကိုယ်နဲ့မကွာ ရှူးရှူးဖလားဝါးနေရာကိုပဲ တစ်ပါတည်း ယူဆောင်သွားရင် ကောင်းမလား၊ ချီတုံချတုံဖြစ်ပြီးမှ မထူးတော့ပါ။ လူတွေက သိပ်ယုံရတာမဟုတ်ဘူး။

ဒီနေရာမျိုးက လူပေါင်းစုံတာကြောင့် စိတ်ချ၍ မရပါ။ Toilet အတွင်းဆိုပေမယ့် ဘေစင်ပေါ်တင်ခဲ့မိသည်ပဲထား။ သူမ၏ အကျပ်အတည်းကို ဖြေရှင်းချိန် အချိန်တစ်မိနစ်ဆိုသည်ကား ဘာမဆိုဖြစ်သွားနိုင်ဖွယ်အကြောင်းရှိသည်။

ထို့ကြောင့် မိမိကိုယ်ကိုယ် ဥစ္စာရှူးပဲ အဖြစ်ခံကာ ကိစ္စကို အားမနာတမ်း ဖြေရှင်းပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟူး… ခုမှပဲ လောကကြီးက နေသာထိုင်သာရှိသွားတော့တယ်'

ဟု တွေးရင်း သူမ ဆက်လုပ်ရမည့်တာဝန်ကို ထမ်းဆောင်လိုက်ပါသည်။

'ဝရော'

ဒါက Toilet ရေဆွဲချသံဖြစ်သည်။

ပြီးနောက် သူမ၏လက်များကို ဆေးကြောသန့်စင်ရန် ဘေစင်နားသို့ လျှောက်လှမ်းသွား၏။

10:45 AM

ကိုယ်လုံးပေါ်မှန်ကြီးထဲမှာ ကြွတက်ထင်ပေါ်နေသော မိမိ၏ကောက်ကြောင်းကို အရင်ဦးဆုံး ရှုစားလိုက်သေးသည်။

သူမ လက်ထဲက Gucci အိတ်အား ကြွေဇလုံဘေးကို အသာချလိုက်၏။ အနားမှာ အသင့်ရှိနေသော hand shower ကို အသုံးပြု၍ ဆေးကြောသန့်စင်အပြီး လက်ကို စက်ဖြင့် အခြောက်ခံပါသည်။ ပြီးနောက် ခါးပေါ်အနည်းငယ် လိပ်တက်စပြုနေသော အင်္ကျီစကို တင်ပါးပေါ်ဖုံးအောင်အထိ လက်နှစ်ဖက်သုံး၍ ဆွဲချလိုက်သည်။ ပြီး ကိုယ်ခန္ဓာကို တစ်ပတ်လောက်လှည့်ကြည့်မိသည်။





'အင်း… မဆိုးပါဘူး၊ ဒီပုံနဲ့ဆို ဒီတစ်သက် ငါ ယောကျ်ားရနိုင်ပါသေးတယ်'

ဆိုပြီး ကိုယ့်အတွေးနဲ့ကိုယ် ပီတိဖြာနေခိုက်…

'တီ… တီ…'

(ဖုန်းမက်ဆေ့ချ်မြည်သံ)

သူမ လက်ကိုင်အိတ်ထဲက ပေါ်ထွက်လာသံဖြစ်သည်။ ကမန်းကတန်းပဲ Gucci အိတ်ထဲက လက်ကိုင်ဖုန်းကို ထုတ်ယူကြည့်မိသည်။

ဒီနေ့မှ ပထမဦးဆုံး စကိုင်တဲ့ (ကိုင်နေကျမဟုတ်တဲ့) ဟန်းဆက်လေးထဲသို့ ဘယ်ကမှန်းမသိဘဲ ဝင်ရောက်လာသော message တစ်စောင်ကို တွေ့လိုက်ရပါသည်။

ထို message ဝင်ရောက်လာရာ…

တယ်လီဖုန်းနံပါတ်မှာ…

**09-51 12428**

ဖြစ်ပြီး

message inbox အတွင်း ရိုက်နှိပ်ထားသောသတ်ပုံကို သူမ ဖတ်လိုက်ရသည်က…



www.burmeseclassic.com

www.burmeseclassic.com



## Please Call me back

'ပြန်ခေါ်'ဆိုလို့သာ ပြန်ခေါ်ရသည်။

ဘယ်သူဘယ်ဝါမှန်းလဲ မသိ။ အသိမိတ်ဆွေဟောင်းတွေထဲကလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ကိုယ်က ပြန်ခေါ်၍ အခုမှ ခင်မင်သိကျွမ်းခွင့်ရမည့် လူမှုရေးအလုပ်ကိစ္စတစ်ခုခုလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

'တူ... တူ... တူ... တူ...'

ဖုန်းခေါ်မြည်သံသာ ရှည်လျားထွေပြားသွား၏။ တစ်ဖက်က တော်တော်နှင့် ဖုန်းမကိုင်သေး။ လေး၊ ငါး၊ ခြောက်ခေါက်လောက် ခေါ်သံအပြီးမှ...





## အား!

တစ်ဖက်က ပြန်ကြားလိုက်ရတဲ့အသံမှာ သူမ၏နားကို ပေါက်ထွက်မတတ်။ တုန်ခါမှုက ပြင်းထန်လှသည်။

သူမလက်ထဲက ဖုန်းပင် ကြမ်းပြင်ပေါ်ကို လွတ်ကျသွားမလိုဖြစ်တာကြောင့် လေထဲမှာတင် မနည်းပြန်ဖမ်းလိုက်ရသည်။

ထို့နောက် ဘာကြောင့်ခုလိုဖြစ်ရတာလဲ သိချင်ဇောဖြင့် သူမ တုန်ယင်စွာ ထပ်မံခေါ်ဆိုကြည့်လိုက်၏။

သို့သော်...

တစ်ဖက်က ဘယ်လိုမှမထူးခြားတော့။ သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေဆိုခြင်း မရှိ။

ဒါ ဘာသဘောပါလိမ့်?

ခုနက ဖုန်းထဲတွင် အမှတ်တမဲ့ကြားလိုက်ရသော မိန်းကလေး၏ အော်မြည်သံမှာ စူးရှနာကျင်လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကိုမျှော်လင့်ပြီး ကမ်းလင့်ကြိုဆိုနေသလို လို။ ထိုမှတစ်ပါး အဓိပ္ပာယ်ဖွင့်ဆိုရန် မတတ်နိုင်သော ပြဿနာအား ရင်ဆိုင်ကြုံတွေ့လိုက်ရတဲ့ သူမအဖို့ ထိုနေရာမှာတင် ငူငူကြီးရပ်ကာ ကျောက်ရုပ်တစ်ရုပ်လိုပင် ခေတ္တအသက်မဲ့သွားလေတော့သည်။

❖





ဘဝမှာ ခေါ်သံများစွာကို သင်လည်း ကြားဖူးမည်။

သင့်နောက်က 'ဟေး'ခနဲ လှမ်းခေါ်သံကြားပြီး လှည့်ကြည့်လိုက်ကာမှ ဘယ်သူမှမဟုတ်သလိုမျိုး။

သင်ကိုယ်တိုင် 'ဟေး'ခနဲ လက်လှမ်းပြပြီးမှ လူမှားသွားတဲ့အဖြစ်မျိုးစုံ ကြုံဖူးကောင်း ကြုံဖူးပါလိမ့်မည်။

သေချာတာက…

လူ့ဘဝတွင် ခေါ်သံနှစ်မျိုးက လွဲပြီး ဘယ်လိုခေါ်သံမျိုးမှ သင့်အတွက် အရေးမကြီးနိုင်ပါ။

ဒုတိယအရေးတကြီးခေါ်သံမှာ…

'သေမင်းခေါ်သံ'ဖြစ်၍ ပထမဦးစားပေး အရေးကြီးဆုံးခေါ်သံမှာ…

**'စိန်ခေါ်သံ'**ပင်ဖြစ်ကြောင်းကို

သင်တို့ ကောင်းကောင်းကြီးသတိထားမိပါရဲ့လား?

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

'ဟဲ့… စွန်ရဲ၊ လုလုရီကို နင်ပဲ အရူးလုပ်တာမို့လား'

မနက်က တော်ဝင်စင်တာမှာ ခြောက်လှန့်ခံခဲ့ရသည့် လုလုရီကိုယ်စား ကျန်တဲ့လူတွေက စွဲချက်တင်နေခြင်းဖြစ်သည်။

ခြွင်းချက်အနေနဲ့ စွပ်စွဲသူများထဲတွင် ကြယ်ဖြူ မပါဝင်ပါ။ ဒါကလည်း စွန်ရဲဘက်ကနေ ရှေ့နေလိုက်ချင်လွန်း၍တော့ မဟုတ်။ မနက်က ဖုန်းထဲမှ Shock အား လုလုရီ ပြန်ပြောပြလို့သာ သိရ၏။

ထိုအချိန်၌ စွန်ရဲနဲ့ သူမ အတူတူရှိနေသလို သူမရှေ့မှာ စွန်ရဲ ဖုန်းတစ်ချက်လေးတောင်မှ ထုတ်မဆက်ကြောင်းကို အားလုံးအား တင်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလျှော့က်လဲချက်အား ပယ်ချပြီး တရားလိုပြသက်သေ နောက်တစ်ယောက်အနေဖြင့် ဝတုတ်က…

'ဟော့ကောင် စွန်ရဲ၊ မင်း မငြင်းနဲ့၊ ဒါ နောက်စရာ မဟုတ်ဘူး၊ ငါ့တုန်းကလိုပဲ ဒီတစ်ခါ မင်းနောက်တာက အခ်န့်မသင့်ရင် တစ်ဖက်လူ ရှော့ခ်ရိုက်သွားနိုင်တာ မင်းသိလား'

ဘယ်သူတွေ ဘာပဲပြောပြော သူကတော့ အေးဆေး တည်ငြိမ်စွာပင် လှလှရီ၏ဖုန်းကို ယူကြည့်ပြီး လက်ထဲမှာ ကလိနေပါသည်။

သွေးအေးအေးနှင့် အပြုံးမပျက်ဘဲ ဖုန်းကို ဖင်တစ်ပြန် ခေါင်းတစ်ပြန် ချက် (Check)နေသော သူ့အား အားလုံးက အသည်းတယားယားဖြစ်နေသည်။

သူကတော့ ခေါင်းကလေးတခါခါဖြင့် လှလှရီ၏ ဟန်းဆက်အသစ်လေးထဲက Gallery (ပြခန်းဖိုင်)ထဲ ဝင်ရောက်၍ မွှေနှောက်ကြည့်နေမိသည်။

ဖိုင်ထဲမှာ အမည်မသိ ခပ်ချောချောမိန်းကလေးတစ်ယောက်၏ ပို့စ်အမျိုးမျိုးပေးနေသော အလန်းစားဓာတ်ပုံများကို တစ်ပုံပြီးတစ်ပုံ အများဆုံးတွေ့နေရပါသည်။

ထိုအခါ စွန်ရဲပါးစပ်က တစ်ခွန်းပဲ ထုတ်မေးလိုက်၏။





'လှလှရီ… နင် ခါတိုင်းသုံးနေကျ ဟန်းဆက်က ဒီဟန်းဆက် မဟုတ်ဘူးနော်'

'အော်… အေး… ဟုတ်တယ်ဟ၊ မနေ့ကမှ ဟန်းဆက်ချင်း လဲသုံးလိုက်တာ၊ အရင်ဟန်းဆက်က သုံးရတာ သိပ်အဆင်မပြေလို့၊ ဒီဟန်းဆက်လေးက အခုမှသာ သုံးဖြစ်တာ၊ အိမ်မှာ ငါသိမ်းထားတာ ကြာပြီ'

ဟု ပြန်ပြောပြီး သူမ၏မျက်နှာကို တစ်ဖက်သို့ အမြန်လွှဲပစ်လိုက်၏။

စွန်ရဲ၏ စိတ်ထဲမှာတော့ သူမ ယခုလက်ရှိ အသုံးပြုနေတဲ့ ဟန်းဆက် (သို့) သူမကိုယ်တိုင်အား Something error တစ်ခုခု မှားယွင်းနေကြောင်း သတိထားမိလိုက်ပါသည်။

ထို့ကြောင့် သူမကို စိုက်ကြည့်ပြီး တစ်စုံတစ်ရာ အကဲခတ်နေတဲ့ စွန်ရဲ၏ မျက်ဝန်းအစုံကို သိနေ၍ပဲလား မသိ။

သူမ အခြားတစ်ဖက်ကို မျက်နှာလွှဲထားကာမှ ကြယ်ဖြူ၏ တောက်ပတဲ့မျက်လုံးများနှင့်ပါ သွားဆုံမိတော့သည်။

'ဒီအဖြစ်အပျက်မှာ တကယ်တမ်း မှားယွင်းနေသူက ဘယ်သူလဲ၊ ဘာကြောင့် ခုလိုဖြစ်ရတာလဲ'

စွန်ရဲ၏ခေါင်းထဲတွင် အသေးစိတ် တွေးဆကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ဝိုင်းမှာရှိတဲ့ သကောင့်သားသုံးကောင်မှာတော့ ကိုယ်ပိုင်ဖုန်းတစ်လုံးစီဖြင့် အလုပ်ဖြစ်နေကြပြီ။ သူတို့အလုပ်ရှုပ်နေကြ၏။

လှလှရီ၏ ဟန်းဆက်ထဲက အမည်မသိ ပို့စ်ပေးလန်းသော မိန်းကလေး၏ပုံကို တစ်ပုံပြီးတစ်ပုံ Bluetooth ဘလူးတုရှ်ဖြင့် ကူးယူနေခြင်းဖြစ်သည်။

ထိုအရှိန်ကို ဝင်ရောက်လှမ်းဟန့်လိုက်သူက စွန်ရဲ။

'ဟကောင်တွေ… မင်းတို့ ဒါဘာလုပ်နေကြတာလဲ'

'ဘဝကူးကောင်းအောင် bluetooth ကူးယူနေကြတာလေ'

'ဟုတ်… ဟုတ်… ဟုတ်တယ်ကွ၊ ငါ… ငါ့အဖေက ခဏခဏ မေးဖူးတယ်၊ ငါ့သား ××× သားလေး ဘယ်တော့ ××× အိမ် ××× အိမ်ထောင် ဘုမှာလဲ တဲ့ ××× အဲ… မှားလို့ အိမ်ထောင်ပြုမှာလဲတဲ့။ အဲဒါ ငါ ××× ငါလည်း မပြုချင်တာနဲ့ကွာ'

ဖိုးပိန်၏ စကားကို သည်းခံနားထောင်ပြီးမှ ဇင်ကြီးက အချင်းချင်း ကပ်ဖဲ့နေပြန်သည်။

'မင်း အိမ်ထောင်ပြုချင်တာနဲ့ ဘလူးတုရှ် ဘူး…





အဲ… မှားလို့၊ မင်းအဖေ ငါ bluetooth ကူးခိုင်းတာနဲ့ ဘာဆိုင်လို့လဲ'

'ဟ… လင်ကောင်တစ်ထောင်၊ ရည်းစားတစ်ယောက်ဆိုတာ နင်တို့ မကြားဖူးဘူးလား'

အေးချမ်းသူ ဝင်ပြောမှ ပိုရှုပ်ကုန်ပါပြီ။

ထိုသို့ မဆီမဆိုင် စကားလက်ဆုံကျနေရင်း စွန်ရဲမှ ဈက်နှာချင်းဆိုင်ရှိ ကြယ်ဖြူကို မျက်စိတစ်ဖက်မှိတ်ဖြစ်အောင် မှိတ်ပြလိုက်သေးသည်။ ဘယ်သူမှ မရိပ်မိလိုက်ကြ။ ပြီးနောက်…

'ရော့… ငါ့ဖုန်းထဲကိုပါ အဲကောင်မလေးပုံတစ်ပုံလောက် ကူးပေး'

ဆိုပြီး သူ၏ဟန်းဆက်ကို ဝတုတ်ရှေ့သို့ ပစ်ချပေးလိုက်၏။ ထိုအပြုအမူလုပ်ရပ်အား မကြိုက်ဘူးနော်ဆိုတဲ့ သဘောနှင့် ကြယ်ဖြူက မျက်စောင်းလှမ်းထိုးပါသည်။

အချိန်မီ စွန်ရဲကလည်း အလျှောက်ကောင်းပါ၏။

'ငါ ဘလူးတုရှ်ကူးတယ်ဆိုတာက အခြားကြောင့် ဟောတ်ပါဘူး၊ ငါ့ရဲ့ ကောင်းကင်ထက်မှာ နေရာယူထားတဲ့ ကြယ်ဖြူဖြူလေးရဲ့ မျက်စောင်းဒဏ်ကို လိုချင်လို့ပါကွာ'

ကြယ်ဖြူဖြူလေးရဲ့ မျက်စောင်းဒဏ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆန်လွန်းလှ၏။

ဘာရယ်မဟုတ်ဘဲ သူ သုံးနှုန်းလိုက်တဲ့ စကားလေးက ကြယ်ဖြူ၏ ဘဝင်ကို အေးချမ်းစေပါသည်။

ဒီအတိုင်း ဆက်လျှော်ရင်ဖြင့် စွန်ရဲ၏ ပန်းတိုင်က နီးစပ်လုပြီ။

တစ်ခုတော့ ရှိမည်။

ပန်းတိုင်မရောက်ခင် သူ့ဘက်က အကြောင်းတစ်ခုခုကြောင့် ‘တက်’မကျိုးဖို့တော့ လိုပါလိမ့်မည်။

❖





**hey U!**

**Stop being**

**a victim.**



သင်...

သားကောင်အနေအထားမှ ရုန်းထွက်ပစ်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

**27 DECEMBER 2013**

ထိုနေ့ ညဘက် ၁၀ နာရီခန့်အချိန်၌ ဇွန်ရဲတစ်ယောက် အခန်းထဲမှာ အလုပ်တွေရှုပ်နေ၏။ မနက်ဖြန် ဂျာနယ်ဖောင်ပိတ်ရက်ဖြစ်တာကြောင့် တစ်ပတ်လုံးလုံး သူကြိုးစားထားသော သတင်းများကို အသေအချာစိစစ်နေ၏။

တစ်ပတ်အတွင်း Information များက သတ်သတ်တစ်ကန့်။ ဆယ်လီဟာရစ်တီများ၏ အင်တာဗျူးများက သတ်သတ်တစ်ကန့်။ တစ်ကန့်စီကို ပြန်လည်မှတ်စုလုပ်နေပါသည်။ သတင်းထောက်ဆိုတဲ့အတိုင်း အလုပ်က ခပ်ရှုပ်ရှုပ်။

သူ့ဘေးနားတွင် အသင့်ဖျော်စပ်ထားသည့် ကော်ဖီခွက်ကို မော့သောက်လိုက်၊ လုပ်စရာရှိတာ လုပ်လိုက်ဖြင့် ဟန်ကိုကျနေ၏။ ထိုအချိန် သူ၏ တစ်ဦးတည်းသောညီမဖြစ်သူ 'မေရဲချို'က အနားကို လာနှောင့်ယှက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီး'

'ဘာလဲ… ငါ ဒီမှာ အလုပ်လုပ်နေတယ်၊ နင် မမြင်ဘူးလား၊ လာမရှုပ်နဲ့'

'မရှုပ်ပါဘူး၊ ဟဲ… ဟဲ…'

မေရဲချိုက အစ်ကိုအား မျက်နှာချိုသွေး၏။

'လာပြီး သွားဖြဲပြမနေနဲ့၊ အိုဘားမားလောက်တောင် သွားမဖြူဘဲနဲ့ လာကြွားမနေနဲ့'

စွန်ရဲက သူမကို ပျစ်ပျစ်နှစ်နှစ်မောင်းထုတ်၏။ လွယ်လွယ်နှင့် အစ်ကိုလုပ်သူနားကနေ ထွက်မသွားဘဲ သူမက ပါးစပ်နားတွင် လက်ညှိုးလေးတစ်ချောင်းထောင်ပြကာ ခေါင်းကို ဆတ်ခနဲညိတ်၍ ကလေးတွေ သရေစာပူဆာတဲ့အတိုင်း လုပ်ပြနေပါသည်။

'လုပ်ပါ ကိုကြီးရယ်၊ ဧည့်ခန်းမှာ လူကြီးတွေ TV ကြည့်နေလို့ အိမ်ဖုန်းဆက်ဖို့ မလွတ်လပ်ဘူးဖြစ်နေတယ်'

'အဲဒါနဲ့ ငါနဲ့ ဘာဆိုင်လဲ'

'ဟဲ… ဟဲ… ကိုကြီးကလည်း သိရဲ့သားနဲ့၊ ခါတိုင်းလို ကိုကြီးဖုန်း ခဏငှားလေ၊ ညီမလေး ဘဲဘဲဆီ ဖုန်းဆက်ချင်လို့'

'နင်ကလည်း… ငါ ဖုန်းကတ်ဝယ်ထည့်ထားတာ မကြာသေးဘူး၊ ပြီးတော့ နင့်ကို ငါ ညတိုင်း ဖုန်းပေးပေးဆက်





နေရတာ မသိရင် ယောက်ဖကိုယ်တိုင်က ညီမ လင်အမြန်ရအောင် မြေတောင်မြှောက်ပေးနေသလိုပဲ'

ဒါက အစ်ကိုအရင်းလုပ်သူက ညီမအား ပြန်ပြောသော စကားပင်ဖြစ်သည်။ သူတို့မောင်နှမက ဒီအတိုင်းပင်။ တစ်ယောက်နဲ့ တစ်ယောက်ကြား ဘာမှလျှို့ဝှက်ထားခြင်းမျိုး မရှိ။ ခေတ်လူငယ်များပီပီ သုံးနှစ်ပဲကွာသည့် မောင်နှမအဖို့ အရမ်းကို လွတ်လပ်ပွင့်လင်းလှပါသည်။

'ကဲ… ရော့ ဖုန်း၊ နင့်ဘဲနဲ့ ဖုန်းပြောတာ ငါဘာမှ မပြောလိုဘူး၊ အဲအတွက်လည်း ငါ့ဖုန်း နင့်ကို ငှားလိုက်မယ်၊ ဒါပေမဲ့ ခုကစပြီး နာရီစကြည့်ထားမယ်၊ ဆယ်နာရီဆယ်မိနစ်ဆိုတော့ နင့်ကို ငါ ဆယ့်ငါးမိနစ်ပဲ ဖုန်းပေးပြောနိုင်မယ်၊ နောက်ဆယ်နာရီ မိနစ်အစိတ်ဆိုတာနဲ့ ငါ့ဖုန်းပြန်လာပေး၊ ဒါပဲ'

ဆိုပြီး စည်းကမ်းချက်များထုတ်ကာ ဖုန်းငှားရမ်းလိုက်ပါသည်။

မေရဲချိုက လှမ်းပေးသောဖုန်းကိုယူပြီး ပျော်ပျော်ကြီး အစ်ကိုရှေ့ကနေ ထထွက်သွားပါ၏။

ပုံ့တံတံ နန့်တုံတုံ ညီမလုပ်သူ၏ပုံရိပ်အား လှမ်းကြည့်ပြီး နေရာမှာတင် ခေါင်းတခါခါဖြင့် သူ ကျန်ရစ်ခဲ့၏။ သူ ကိုယ်လုပ်စရာရှိတဲ့အလုပ်ကိုပဲ စူးစူးစိုက်စိုက် ဆက်လုပ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်လေးကြာမှ သတိရသွားပြီး နံရံပေါ်က တိုင်ကပ်နာရီဆီ လှမ်းကြည့်လိုက်မိသည်။

ည ၁၀ နာရီနှင့် မိနစ် ၃၀။

သူ့ညီမ သူ့ဖုန်းကို ခုထိ ပြန်လာမပေးသေး။ ဒါတော့ လွန်လွန်းသွားပြီဆိုပြီး သူ့ဖုန်းသူ ပြန်လိုက်တောင်းဖို့ နေရာကနေ ကုန်းရုန်းထလိုက်မိ၏။

ပြီးနောက် ဝရန်တာမှာ ထွက်ကျူနေတဲ့ ညီမဖြစ်သူနားကပ်သွားပြီး...

'နင့်ကို ငါ ၁၅ မိနစ် ဖုန်းဆက်ခွင့်ပေးတာ အခု မိနစ် ၂၀ ကျော်တော့မယ်နော် မေရဲချို'

သူ့အကြောင်းကို သိ၍ နောက်တစ်ခါ ဖုန်းပေးမဆက်မှာစိုးရိမ်ပြီး မေရဲချိုက တစ်ဖက်မှ ကောင်လေးအား အမြန်ပွတ်ဒ်ဘိုင်လိုက်၏။

'ပေး ငါ့ဖုန်း'

ဆောင့်ကြီးအောင့်ကြီးဖြင့် သူမလက်ထဲက ဖုန်းအား ဆွဲယူလိုက်ပြီး တစ်ချိန်တည်းမှာတင် ဖုန်းပါဝါကို ပိတ်ပစ်လိုက်ပါသည်။

ထိုအချိန်ကား 10:30 (PM) တိတိ။





**27 DECEMBER 2013**

**10:30 PM**

'ယုံကြည်ထားလိုက် အချစ်၊ ကိုယ်က သရဲဆိုရင်လုံးဝကြောက်တာ မဟုတ်ဘူး၊ ရ ကောက်ကို နောက်ပစ်လို့ ခင်ဗျားကြီးလား သရဲဆိုပြီး ရဲရဲကြီးပြန်မေးရဲတဲ့ကောင်'

တစ်ဖက်က သူ၏ရည်းစားကောင်မလေးအား ဝတုတ်က ဖုန်းထဲမှာ ကြွားလုံးထုတ်နေခြင်း ဖြစ်သည်။

× × × ×

ထိုအချိန်နှင့် တစ်ပြိုင်နက်တည်းမှာပင် သူ၏အိမ်ကနေ ဖိုးပိန်ကလည်း စွန်ရဲ၏ဖုန်းသို့ လှမ်းဆက်နေပါသည်။ ဖုန်းထဲကနေ သူ ပြန်ကြားလိုက်ရသော အသံမှာ...

'××× လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်'



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် သင်တန်းကို ဘယ်အချိန်ရောက်မှာလဲလို့ မေးမလို့ဟာကို။ အရေးထဲ သူ့ဖုန်းထဲက မိန်းမပျိုနှင့် ပက်ပင်း ဝင်တိုးနေ၏။

ဖိုးပိန်တစ်ယောက် စိတ်ပျက်လက်ပျက်နှင့် ဖုန်းချ ပစ်လိုက်သည်။

ဆက်ခေါ်မနေတော့ဘဲ ဖိုးပိန်က သူ့အခန်းထဲမှာတင် သီချင်းတစ်ပုဒ်ကို နားကြပ်တပ်၍ နားထောင်မိပါသည်။ သူ စိတ်ရှိလက်ရှိ နားထောင်နေသောသီချင်းမှာ 'ခေါ်သံကြားလား'

× × × ×

10:45 PM

**ထိုနေ့ည ဆယ်နာရီလေးဆယ့်ငါးမိနစ်တိတိ။**

သရဲဆိုတာ ကြိုပ်နဲ့လားဆိုပြီး ဟားလုံးတွေထုတ်ရင်း မောပန်းသွား၍ ဖုန်းဘေးနားချကာ မှေးစက်နေသော ဝတုတ်၏ ဟန်းဖုန်းသို့လည်းကောင်း…

'ခေါ်သံကြားလား' သီချင်းကို repeat လုပ်ပြီး ထပ် ကာတလဲလဲ နားသောတဆင်နေတဲ့ ဖိုးပိန်၏ ဖုန်းထဲသို့လည်း ကောင်း တစ်ချိန်တည်း တစ်ပြိုင်နက်တည်းမှာပင်…





**09.51 12428**

ဖုန်းနံပါတ်တစ်ခုတည်းဖြင့်…

Please
Call Me back

ဆိုပြီး…

Message တစ်စောင်စီ ဝင်ချလာပါသည်။

ထို message ဝင်ရောက်လာရာ ဖုန်းနံပါတ်အတိုင်း ကိုယ့်အိမ်ကနေ ကိုယ် အသီးသီး ပြန်လည်ခေါ်ဆိုကြည့်လိုက် တဲ့အခါ…



www.burmeseclassic.com

www.burmeseclassic.com



# အား !

ထိုဖုန်းနံပါတ်နှင့် သူတို့ သူငယ်ချင်းတွေကြား ခြောက်လှန့်နေကျ မိန်းကလေးတစ်ယောက်၏ အော်သံပင်။

အမှတ်တမဲ့အော်သံကြောင့် သရဲဆို လုံးဝမကြောက်ဘူးဆိုတဲ့ ဝတုတ်ခမျာတော့ နေရာမှာတင် ကြက်သီးမွေးညင်းထကာ တဆတ်ဆတ်တုန်ယင်နေပါတော့သည်။

ဒါ ဘယ်သူပါလိမ့်?

သူမ ဘာကြောင့် အခုလို အော်ဟစ်မြည်တမ်းရတာပါလိမ့်?

ကယ်တော်မူပါ ဘုရားသခင်။





**hey!**

**Face your Fears**



ထိတ်လန့်စရာများကို ရဲရဲရင်ဆိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

**28. DECEMBER 2013.**

မနက်ကိုးနာရီဝန်းကျင်ခန့် ဖြစ်သည်။

Tokyo Fried Chicken မှာ စွန်ရဲက အားလုံးအား နှုတ်ဆက်စကား ပြောနေ၏။ အားလုံးဆိုပေမယ့် ထိုထဲမှာ ဝတုတ်နှင့် ဖိုးပိန်တို့ မပါသေး။

ဒီနေ့မှ သင်းတို့နှစ်ကောင် အိမ်ကထွက်လာတာ နောက်ကျနေခြင်းကြောင့် ဖြစ်လိမ့်မည်။ ဒါမှမဟုတ် လိုင်းကားတွေ လမ်းမှာ blocked ပိတ်ဆို့နေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

အေးချမ်းသူ၊ ဇင်ကြီး၊ လှလှရီ၊ ကြယ်ဖြူနှင့် ရွှေစင်တို့အားလုံးသည် သေခြင်းတရားဆိုင်ရာကို ခင်းကျင်းပြသနေသော သူ၏လေကြောမှာ မျောပါနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဟ၊ ငါသိတာ ငါပြောပြတာ'

စွန်ရဲက တည်ကြည်စွာဖြင့် ဆက်ပြောသည်။

'ဖူးရစ်တက္ကသိုလ်က ဆရာမကြီး ဒေါက်တာကူဘလာရော့စ်ရဲ့ သုတေသနပြုချက်တွေထဲမှာ အဲဒီချက်တွေလည်း ပါတယ်'

ကြယ်ဖြူ နဝေတိမ်တောင်ဖြစ်နေဆဲ။

'နင့်ဟာက ဟုတ်ရဲ့လားဟယ်'

ကျန်တဲ့လူတွေပါ မယုံသင်္ကာမျက်ဝန်းများဖြင့် ဝိုင်းဝန်းတွတ်ထိုးကြသည်။

'ဟုတ်တယ်၊ သေခါနီးလူတွေက သူတို့ သေမယ့်အချိန်ကို ကြိုသိကြတယ်၊ ကိုယ့်ဘာသာကိုယ် သတိမထားမိကြလို့၊ ဘေးလူကို အမှတ်မထင်ပြောခဲ့မိတာတွေလည်း ရှိတယ်၊ ခက်တာက ဘေးလူက အမှုမဲ့ အမှတ်မဲ့သဘောထားတတ်ကြတယ်၊ အဲဒါကြောင့် မထင်ရှားတာ'

'အဲဒါဆို ကွယ်လွန်သူဟာ သေခါနီးမနက်က ငါနဲ့လမ်းမှာတောင် ဆုံသေးတယ်၊ ငါ့ကိုတောင် နှုတ်ဆက်သွားသေးတယ်တို့ ဘာတို့ဆိုတာဟာ ပြောတဲ့လူအဖို့ သူ ကြိုသိခဲ့တယ်။ အမှုအမှတ်မဲ့ မရှိဘူး၊ သူတော်ကြောင်း သိကြောင်းကို သက်သေပြနေကြတာပေါ့နော်'





အေးချမ်းသူ ပြန်ပြောတဲ့စကားက ထိမိလှ၏။

ထိုအချိန် ဟိုနှစ်ကောင် ပေါက်ချလာ၏။

ဝတုတ်ကဆိုရင် ရောက်ရောက်ချင်း စွန်ရဲကို စကားလုံးမိုင်းဗုံးများဖြင့် ပစ်ခွင်းလေ၏။

'ဟော့ကောင်... 51ဖုန်းနောက်တစ်လုံးနဲ့ မင်း ငါတို့တစ်ဖွဲ့လုံးကို စနေတာမို့လား စွန်ရဲ'

'ဟုတ်တယ်၊ ညက Shock ကို ငါတို့နှစ်ကောင်ခုတင် လမ်းမှာ ပြောလာကြတာ၊ ပထမဆုံးတစ်ခေါက်တုန်းက မင်း လှလှရှိဖုန်းကို ဒီနံပါတ်နဲ့ နောက်တယ်၊ ညကကျတော့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ တို့ကို မင်းက ထပ်လာစားတယ်၊ မင်းအကျင့်ကို ငါတို့မသိဘူးများ ထင်နေလား စွန်ရဲ'

ကျွတ်ကျဲလောက်စရာ စွပ်စွဲချက်များဖြင့် ဘုရှိုးရှိုးကာ သူ့အနားမှာ ဝင်ထိုင်လိုက်ကြ၏။

သူ့ဘက်က စိတ်ဝင်စားမှု မပြ။

စကားဝိုင်းက တိတ်ဆိတ်သွား၏။ ပြီးနောက် သူသည် ပြဿနာကို ခေါင်းထဲထည့်ပြီး နေရာကနေ ဦးဆုံးထထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သူများက ဟိုနှစ်ကောင်ကို ဘာဖြစ်ကြပြန်တာလဲဆိုပြီး ဆက်လက်စုံစမ်းမှု ပြုနေကြတော့၏။

❖





နေ့လယ် ၁၁ နာရီဝန်းကျင် နေက ပူပြင်းလှသည်။

သင်တန်းကဆင်းဆင်းချင်း သူ၏ဂျာနယ်တိုက်ကို လှည့်ဝင်ပြီး စီစစ်ထားတဲ့ သတင်းများအား အယ်ဒီတာထံ ဝင်ပို့သည်။

အယ်ဒီတာနှင့် သူ တွေ့ရာလေးပါး စကားများပြောဖြစ်သည်။

ထိုသို့ဖြင့်...

'ခရစ်စမတ်ညဦး အကဲလွန်၍ Accident တစ်ခုကြောင့် လမ်းဘေးတွင် မရှုမလှသေဆုံးသူ မိန်းကလေးတစ်ယောက်အကြောင်း'

ဒီတစ်ပတ် Top News မှာ ပါလာတယ်ဟု အယ်ဒီတာက သူ့ကို ပြောပြသည်။

ဘာရယ်မဟုတ်ဘဲ ထိုအကြောင်းအား စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အယ်ဒီတာပြုစုထားသော စာမူကြမ်းအား သူ တောင်းယူကြည့်မိသည်။

ထို့နောက် မိတ္တူတစ်စုံပါ ရုံးဝန်ထမ်းကို ကူးခိုင်းလိုက်၏။

အယ်ဒီတာက အံဆွဲထဲရှိ ဓာတ်ပုံတစ်ပုံကိုပါ သူ့ရှေ့ ထုတ်ပြလိုက်ပါသည်။

ထိုပုံကို ယူကြည့်မိတော့ ကွယ်လွန်သူမိန်းကလေး ဓာတ်ပုံအား တစ်နေရာမှာ မြင်ဖူးသလိုလို။ သူ့အတွေးအာရုံများ ဖျတ်ဖျတ်လူးသွားသည်။

သူ့ကို ငါ ဘယ်မှာမြင်ဖူးပါလိမ့်?

စဉ်းစားစမ်း

စဉ်းစားစမ်း

သိပြီ။

လုလုရီ စတင်ခြောက်လှန့်ခံရတုန်းက သူမဖုန်းထဲ ဝင်ရောက်မွှေနှောက်ကြည့်ရင်း တွေ့ခဲ့ရတဲ့ မိန်းမပျိုလေး၏ ဓာတ်ပုံများနှင့် တစ်ထေရာတည်း။

ပို့စ်အမျိုးမျိုးကို ကြိုက်လို့ဆိုပြီး ဟိုကောင်တွေပါ မလွတ်တမ်း ဘလူးခ်တုရှ်ကူးခဲ့တဲ့ ဓာတ်ပုံများ၊ ပြီးတော့ သူ့ဖုန်းထဲပါ ကူးထည့်ခဲ့တယ် မဟုတ်လား?





သေချာအောင် သူ့ဖုန်းထဲက ထိုပုံကိုပင် ပြန်ဖွင့်ကြည့်မိသည်။ လုံးဝသေချာသွားပါပြီ။

ထိုအချိန် အယ်ဒီတာရဲ့ ပြောစကားများကို နားထဲမှာ အတိုင်းသားကြားနေရပါသည်။

'ဒီဓာတ်ပုံထဲက ကောင်မလေးပေါ့၊ လွန်ခဲ့တဲ့ ခရစ်စမတ်ညမှာ အကဲလွန်ပြီး လမ်းဘေးမှာ သေဆုံးရတယ်ဆိုတာလေ'

သေဆုံးသူ ကောင်မလေးက ဘယ်သူပါလိမ့်?

ဘယ်ကပါလိမ့်?

သူမ ဘာကြောင့် လမ်းဘေးမှာ သေဆုံးရတာလဲ? သူမ ကွယ်လွန်တဲ့ညက ခရစ်စမတ်ညတဲ့။ သူမ ဘာတွေဖြစ်ခဲ့ပါလိမ့်?

ထိုအချိန် ထိုညမှာ သူတို့အားလုံးကတော့ ဂစ်တာတစ်လက်စီဖြင့် အိမ်တကာလှည့်ပြီး ခရစ်စမတ်သီချင်းတွေ ဆိုလို့ကောင်းခဲ့တယ် မဟုတ်လား။

အဖဘုရားသခင်၏ မေတ္တာဓာတ်နှင့် လောကကြီးအား ခရစ်စမတ်ဆုတောင်းသံတွေ လွှမ်းခြုံပေးခဲ့ပါသည်။

ထိုညတုန်းက ပြဿနာတစ်စုံတစ်ရာမှာ သူတို့အဖွဲ့နှင့် ပတ်သက်များ ပတ်သက်ခဲ့ပါသလား?



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ခဲ့လျှင် ထိုပြဿနာက အဘယ်နည်း?

ဘယ်သူများ ဖန်တီးခဲ့တဲ့ ဘယ်လိုပြဿနာမျိုး ဖြစ်နိုင်ပါသလဲ? သူကိုယ်တိုင် ထိတွေ့ခဲ့တဲ့ ထိုညက အဖြစ်အပျက်များကို ဆက်စပ်စဉ်းစားကြည့်မိသည်။

သူတစ်ယောက်တည်းနှင့် အဖြေဘာမှထွက်မလာ။

❖





ထိုနေ့ ညနေ ၆ နာရီ ဝိုးတိုးဝါးတားအချိန်ခန့် ဖြစ်၏။

ဖုန်းထဲက မိန်းမတစ်ယောက်အော်သံနှင့် ပတ်သက်၍ သူ့အား ယုန်ထင်ကြောင်ထင်ဖြစ်နေမှုအား အမြန်ဆုံးကိစ္စချောစေရန် အားလုံးကို ခေါ်ယူလိုက်ခြင်းဖြစ်သည်။

အားလုံးဆိုပေမယ့် အားလုံးထဲမှာ လှလှရီက ရောက်မလာပါ။ သူမ ကိစ္စတစ်ခုကြောင့် မအား၍ မလာနိုင်ဘူးဟု သူ့ ဖုန်းဆက်ခေါ်တော့ အကြောင်းပြလေသည်။ သူမ မလာနိုင်တာ ကိစ္စမရှိ။

ဝတုတ်၊ ဖိုးပိန်၊ ဇင်ကြီး၊ ရွှေစင်၊ အေးချမ်းသူနှင့် ကြယ်ဖြူ ထို ၆ ယောက်လုံးကိုတော့ သူမဟုတ်ကြောင်း တစ်ခါတည်း ရှင်းပြလိုက်မည်။

'ဒီမှာ ဒါ သန်ဘက်ခါထွက်မယ့် ငါတို့ဂျာနယ်မှာ ပါမယ့် new current တစ်ခု၊ မင်းတို့အားလုံး ဖတ်ကြည့်ဖို့ လိုတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး စွန်ရဲက သူကူးယူလာသည့် data မိတ္တူအား ချပြလိုက်သည်။

ထိုမိတ္တူစာရွက်ကို ဇင်ကြီးက အရင်ဆွဲယူလိုက်ပြီး အားလုံးကြားအောင် အော်ဖတ်ပြပါသည်။

'ခရစ်စမတ်ညဉ့် အကဲလွန်၍ Accident တစ်ခုကြောင့် လမ်းဘေးတွင် မရှုမလှသေဆုံးရသူ မိန်းကလေးတစ်ယောက်အကြောင်း' ဆိုပဲ။

'မိန်းကလေးက ချောရဲ့လား စွန်ရဲ'

'ချော မချောတော့ ငါလည်း မပြောတတ်ဘူး၊ ငါ အယ်ဒီတာထုတ်ပြလို့ တွေ့ခဲ့ရတဲ့ အဲဒီကွယ်လွန်သူမိန်းကလေးရဲ့ ပုံစံကို မင်းတို့အားလုံး သိတယ်'

'သူ ဘယ်သူလဲ'

အားလုံး စိတ်ဝင်တစားနှင့် သံပြိုင်မေးလာခြင်းဖြစ်သည်။ သူထုတ်ပြလိုက်သော ဓာတ်ပုံထဲက ကောင်မလေးကို ချက်ချင်း ဘယ်သူမှ မမှတ်မိ။

ကြယ်ဖြူကဆိုရင် မျက်လုံးလေးကလယ်ကလယ်ဖြင့် နဝေတိမ်တောင်ဖြစ်နေရှာသည်။

'အဲ့မိန်းကလေးရဲ့ဓာတ်ပုံကို မင်းတို့အားလုံးရော ငါရော မနေ့ကတင် လှလှရီဖုန်းထဲကနေ ဘလူးတုရှ်နဲ့ ကူးခဲ့ကြတယ်လေ'





ထိုအခါမှ သကောင်းသားသုံးယောက် သူတို့၏ ဖုန်းထဲရှိ ဓာတ်ပုံများအား ထုတ်ကြည့်ကြပါသည်။

ဝတုတ်လက်ထဲက ဖုန်းကို ဘေးနားရှိ အေးချမ်းသူက ရုတ်တရက်ဆွဲလုလိုက်ပြီး...

'ဒီကောင်မလေးလား စွန်ရဲ'

ဟု ဖုန်းထဲကဓာတ်ပုံကို ထောင်ပြပြီး မေးပါသည်။

သူ ခေါင်းညိတ်ပြလိုက်၏။

တိုင်ပင်မထားဘဲ တစ်ခဲနက်ဝိုင်းရယ်ကြပါသည်။ သို့သော် ကြယ်ဖြူကတော့ လိုက်မရယ်ဘဲ နားမလည်သလို အူတူတူမျက်လုံးလေးနဲ့ပဲ သူ့အားကြည့်နေရှာသည်။

ရွှေစင်ကလည်း အေးချမ်းသူ လက်ထဲက ဝတုတ်၏ ဖုန်းအား ထပ်မံဆွဲယူလိုက်ပြီး...

'ရော့... ဝတုတ်၊ နင့်ဖုန်း နင်ပြန်ယူပြီး ငါတို့နှစ်ယောက်ကို bluetooth transfer (ဘလူးတုရှ် ထရန့်စဖာ) လုပ်ပေးစမ်း၊ အဲကောင်မလေးပုံကို တို့နှစ်ယောက်ဖုန်းထဲပါ ကူးထည့်ထားလိုက်မယ်။ ညကျရင် အပျင်းပြေ သရဲခြောက်ခံကြည့်ချင်လို့'

'ဟား... ဟား...'

ဝတုတ်၊ ဖိုးပိန်၊ ဇင်ကြီးနှင့် အေးချမ်းသူတို့လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရွှေစင်၏ ပြက်ရယ်ပြုမှုကို ရယ်သံများဖြင့် ပံ့ပိုးပေးကြသည်။

'ဘာလဲ… ငါ့ကို ဝိုင်းလှောင်နေကြတာလား'

သူ့ဘက်မှာ တကယ်တမ်းဆိုရင် ကြယ်ဖြူတစ်ယောက်ပဲ ရှိပါသည်။

'စွန်ရဲ… နင့်ကို ရယ်တဲ့အထဲမှာ ငါမပါဘူးနော်'

'ဟုတ်တယ်ဟေ့ စွန်ရဲရေ၊ နင့်ရဲ့ အဆိုတင်သွင်းချက်က လွှတ်တော်အတွက် ခိုင်မှ မခိုင်လုံတာ၊ ဒီလောက်နဲ့တော့ တက်မလာနဲ့၊ ငါတို့က ပယ်ချရလိမ့်မယ်'

ခပ်တည်တည်ကြီးနှင့် ရွှေစင်၏ အရှုံးဖော်မှုကို ကြားပြီး သူ၏ နားထင်သွေးကြောများ ထောင်တက်လာကာ မတ်တတ်ထရပ်လိုက်သည်။

ဆုပ်ထားသော လက်သီးများကို သူ ပြန်ဖြေချလိုက်ပြီး…

'Good Luck! မင်းတို့အားလုံး ကံကောင်းပါစေ'

ဟု သူ့ပါးစပ်က တစ်ခွန်းတည်းပြောကာ နေရာကနေ ထပြန်သွား၏။

သေချာသည်မှာ…

ဒီရက်ပိုင်း သူ့ထံ၌ ဂြိုဟ်ဆိုးဝင်နေခြင်းဖြစ်မည်။





**Virus**

ဗိုင်းရပ်စ်ဆိုသည်မှာ ကူးစက်ရောဂါပိုးတစ်မျိုးပင် မဟုတ်ပါလား? သင့်ထံမှ စသည်ဖြစ်စေ၊ သူတစ်ပါးထံက စသည်ဖြစ်စေ ကူးလွှားဆက်ယှက်နေမှ 'ကူးစက်ခြင်း'က သဘာဝကျပေမည်။

ထိုသို့ဆိုလျှင်…

Virus = Problem

ဟု အချိုးချ၍ ရနိုင်ပါသလား?



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သည်မှာ…

သင့်ထံမှ စသည်ဖြစ်စေ၊ သူတစ်ပါးထံက စသည်ဖြစ်စေ 'ပြဿနာ'ဆိုတာ ကူးစက်နေမှ သဘာဝကျပေမည်။

ထို့ကြောင့် သင့်၌ ပြဿနာတက်ရပါလေသည်။

ပြဿနာတက်တာ ပြဿနာမရှိပါ။

ဆိုသော် ယခုအချိန်မှ စတင်ပြီး သင့်ထံသို့ အလိုလိုရောက်ရှိလာသော ပြဿနာအား ဒီအတိုင်းငြိမ်ခံနေ၍ ပြီးသွားမတဲ့လား?။

ပြဿနာကို ပြဿနာပြန်လုပ်၍ ပုစ္ဆာထုတ်ပြီး ရှင်းထုတ်ပစ်လိုက်ပါ။





**28. DECEMBER 2013**

ထိုနေ့ည အိမ်အပြန် လမ်းခွဲကြတော့ စွန်ရဲ နောက်ဆုံးပြောသွားသည့် ဆုတောင်းသံက သူမနားထဲက မထွက်။

အိမ်အထိအောင် ကပ်ပါလာသည်။

'Good luck မင်းတို့အားလုံးကံကောင်းပါစေတဲ့'

'သူပြောသွားတဲ့စကားက ဘာမှမဟုတ်လောက်ပါဘူး၊ ငါတို့တွေက ဘုရားသခင်ရဲ့ စောင့်ရှောက်မှုအောက်မှာနေနေကြတာပဲ'ဆိုပြီး ရွှေစင် တွေးလက်စအတွေးများကို ခါထုတ်ပစ်လိုက်သည်။

သူမ ခုတင်ပေါ်မှာ လှဲရင်း နံရံပေါ်က တိုင်ကပ်နာရီဆီ အကြည့်ရောက်မိ၏။

အချိန်က ညဆယ်နာရီသုံးဆယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ညဘက် အိပ်ခါနီး အချိန်မတော်ကြီးမှ အေးချမ်းသူ တစ်ယောက် ရေမိုးချိုးပြီး မှန်တင်ခုံရှေ့ထိုင်ကာ ဆံပင် အခြောက်ခံစက်ဖြင့် အခြောက်ခံနေပါသည်။

*××× တကယ်လည်းပဲ မချစ်ဘဲနဲ့ လာပြီတော့*

*ညာချွဲမနေနဲ့ ×××*

သူမပါးစပ်မှ သီချင်းလေးတညည်းညည်း ဆိုညည်း နေရှာ၏။

သူမ အရှေ့တည့်တည့် မှန်တင်ခုံပေါ်တွင် အမှတ်တမဲ့ တင်ဆောင်ထားသည်က သူမ၏ လက်ကိုင်ဖုန်း။

ထိုအချိန် မြန်မာစံတော်ချိန် နာရီဒိုင်ခွက်များအားလုံး၌ ညဆယ်နာရီလေးဆယ်တိတိအား ညွှန်ပြနေပါသည်။

× × × ×





စွန်ရဲတစ်ယောက် သူ့အိမ်မှာတော့ Computer ရှေ့ ထိုင်ပြီး Counter ဂိမ်း ကစားနေသည်။

တစ်နေ့လုံး ဖြစ်သမျှကိစ္စများအား သူ့ခေါင်းထဲက ထုတ်ထားလိုက်ပြီ။ **မလိုအပ်သည်များကို အလိုမရှိ။**

**ဂိမ်းကစားခြင်းက လောကကို တဒင်္ဂမေ့ပစ်နိုင်စွမ်း ရှိသည်။**

ထိုကဲ့သို့ ဂိမ်းထဲတွင် စီးမျောနေစဉ် သူ့ဘေးနားသို့ မေရဲချို ရောက်ချလာပြီး…

'ရော့… ကိုကြီးဖုန်းက charging ကုန်သွားလို့လား မသိဘူး၊ ညီမလေး ဖုန်းပြောနေတုန်း ပါဝါပိတ်သွားတယ်'

'ပါဝါပိတ်သွားရင် အားပြန်သွင်းပေါ့၊ ငါ့ဗီရိုပေါ်မှာ charging ကြိုးရှိတယ်၊ ယူပြီးသွင်းလိုက်'

'ဟုတ်ကဲ့ ကိုကြီး'

ဆိုပြီး သူ့အစ်ကို ဗီရိုပေါ်က အားသွင်းကြိုးကို သူမ လိုက်ရှာနေပါသည်။

ထိုအခိုက် ဂိမ်းထဲတွင် အပစ်အခတ်မရပ်စဲနိုင်တဲ့ သူ့အစ်ကိုက…



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ဖုန်းကို ပါဝါပိတ်ပြီးတော့သာ အားသွင်းလိုက်တော့၊ အခု ဘယ်အချိန်ရှိနေပြီလဲ?'

'အင်း… ည… …

10:45 PM ……..'

ဒီဇင်ဘာ ၂၈ ရက်နေ့ ည ဆယ်နာရီလေးဆယ့်ငါးမိနစ်တိတိမှာပင်…

**09. 51 12428**

ဖုန်းနံပါတ်တစ်ခုတည်းဖြင့်…

Please
Call Me back

ဆိုတဲ့ Message တစ်စောင်စီ ဖုန်းနှစ်လုံးသို့ တစ်ပြိုင်တည်း ဝင်ချလာပါသည်။

ထို message ဝင်ရောက်လာရာ လမ်းကြောင်းအတိုင်း ရွှေစင်နှင့် အေးချမ်းသူ သူမတို့နှစ်ဦးစလုံး ကိုယ့်အိမ်ကနေ ပြန်လှန်ခေါ်ဆိုကြည့်မိသည်။ ထိုသို့ခေါ်ဆိုရာ၌ သူမတို့၏ ဖုန်းမှန်သားပြင်ပေါ်တွင် အရိပ်တစ်ခု ဘွားခနဲထင်ဟပ်လာ၏။

အရိပ်ပိုင်ရှင်သည် "Accident" တစ်ခုကြောင့် လမ်းဘေးတွင် မရှုမလှ သေဆုံးရသူ။ ဘလူးတုရှ်ဖိုင်ထဲမှ မိန်းမပျို၏ ပုံရိပ်ဖြစ်နေပြီး ဖုန်းထဲကနေ သူမတို့ ပြန်ကြားလိုက်ရသော အသံမှာ…





BURMESE CLASSIC .com

# အား!



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဘယ်သူမှမသတ်ခင် ကိုယ့်ဘာသာ သေနင့်ပါရစေး





## အခန်း (၆)

သူ့အဖြစ်က ဘာနှင့်အလားသဏ္ဍာန်တူသလဲဆိုရင် 'သေသောသူသည် သုသာန်သို့ သက်သက်သာသာသွားသေသည်' ဆိုတဲ့ ဗျည်းတူတွေချည်း စုပြီး အဓိပ္ပာယ်ရှိသော အကြောင်းမျိုးကို စဉ်းစားခိုင်းသောပုစ္ဆာမျိုး ဖြစ်ပေ၏။

ဥပမာ-

ကိုကိုးကျွန်းက ကိုကိုကြီး၊ ကုက္ကိုကိုင်းကို ကောင်းကောင်းကိုင်ကာ ကောင်းကင်က ကြယ်ကြီးကို ကောင်းကောင်းကြည့်ကြောင်း။

ကျွဲကြီးကိုးကောင်ကို ကျားကြီးကိုးကောင်က ကျီးကြည့်ကြောင်ကြည့် ကြည့်ကာ ကိုက်ကြကြောင်း စတဲ့ သတင်းကြေညာချက်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



'မောင်မျိုးမင်း မေမြို့မှ မြန်မြန် မြန်း၊ မြောင်းမြစ်မှ မမြမေ မျှော်'ဆိုတဲ့ သံကြိုးစာလိုဟာမျိုး။

'ရောင်းရင်းရေ၊ ရှောက်ရှက်ရောင်းရင်း ရဲရင့်ရှပ်ရှင် ရုံ့ရှေ့ရှိ ရိုးရိုးရေရှိရေးရုံးရောက်ရင် ရိုးရိုးရေရှာရင် ရှောရှော ရှုရှုရှုရင် ရေရော ရှောက်ရှက်ရော ရှက်ရောင်းရန် ရည်ရွယ် ရောရှင့်'ဆိုတဲ့ ငယ်စဉ်ကလို အမှာစကားမျိုး ဖြစ်ပေ၏။

ဒါတွေက ကလေးဘဝမှာတော့ ပျော်စရာ။

လူကြီးဘဝမှာလည်း ပြုံးစရာပါပဲ။

သူ့ဘဝကတော့ ဘယ်နားသွားသုံးစားရမှန်း ခုထိ မသိသေးပါ။ သို့သော် ထိုပြဿနာကို ပုစ္ဆာထုတ်ပြီး အဖြေ ရအောင် ဖြေရှင်းမှုဖြစ်စဉ်တစ်ခုအား သူ မိမိရရကိုင်တွယ်လိုက် နိုင်၏။








အထက်ပါဇယားကွက် Formula အတိုင်း စွန်ရဲ တစ်ယောက် မည်သူမျှမသိအောင် ပြဿနာကို တိုးတိုးတိတ် တိတ် အဖြေရှာကြည့်မိသည်။

ပုစ္ဆာကို လေ့လာသုံးသပ်ပြီး ကွင်းဆက်များစုဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ရန့်အတွက် သူ့ထံ၌ အဓိကကွင်းဆက်တစ်ခု လိုအပ်နေပါသည်။ သို့မဟုတ် ပုစ္ဆာ၏ ကွင်းဆက်များ စုဆောင်းနိုင်ရန် အစဆွဲထုတ်ပေးနိုင်မည့် လူတစ်ဦး အလိုရှိနေပါသည်။

ထိုလူမှာ…?





**29 DECEMBER 2013**

မနက်ဆယ်နာရီ နေပူပြင်းပုံက ရဲရဲတောက်နေသည်။

Junction Square မှာ ဟိုကောင်တွေ လူစုံနေပြီ။ ဖုန်းတွေ အသည်းအသန်ဆက်ပြီး လှမ်းခေါ်နေ၍ အိမ်မှာ သူမတစ်ယောက်တည်း ယောက်ယက်ခတ်နေပါသည်။

ကြိုတင်ချိန်းဆိုထားခြင်း မဟုတ်တဲ့အတွက် ခုမှ ရေချိုးရ၊ အဝတ်အစားလဲရ၊ အလှပြင်ရနှင့် မိန်းကလေးဘဝက အတော့်ကို ဗျာများရပါသည်။ ကသိကအောက်လည်း နိုင်လှ၏။

ခုလည်း ကြည့်လေ။

လှလှရှိတစ်ယောက် အိမ်ကနေ အမြန်ဆုံးထွက်ခွာနိုင်အောင် လုပ်ပါတယ်ဆိုမှ အိမ်အပေါက်ဝနား ရောက်ကာမှ ပိုက်ဆံအိတ်က မေ့ကျန်ခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမ အခန်းထဲသို့ ပြန်ဝင်ပြီး ပိုက်ဆံအိတ် ထားတဲ့နေရာအား လျှောက်ရှာကြည့်မိသည်။

မနေ့ညက ပိုက်ဆံအိတ်ကို ဘယ်နားထားမိသည် မသိ။ ခုတင်ပေါ်၊ ခေါင်းအုံးအောက် လှန်ကြည့်မိ၏။ မရှိ။

ငါ ဘယ်နေရာမှာ မှားထားမိပါလိမ့်? ဆိုပြီး သူမ မှန်တင်ခုံအံဆွဲကို ဆွဲအကြည့် အထဲ၌ စာအိတ်တစ်အိတ်အား တွေ့ရှိရပါသည်။

အမှတ်တမဲ့ သူမ စဉ်းစားသွားသည်။

ဒီအံဆွဲထဲကို ဘယ်သူလာပြီး ဒီစာအိတ်ထည့်သွားပါလိမ့်?

စာအိတ်ကို ထုတ်ယူကြည့်မိသည်။ ပြီးနောက် စာအိတ်ပေါ်က မာကျောကျောအရာအား စမ်းမိလိုက်၍ ခေါင်းအုံးပေါ်သို့ သွန်ချကြည့်မိသည်။

ထွက်လာသည်များက...

တယ်လီဖုန်း sim card တစ်ခုနှင့်အတူ 4 GB အရွယ်အစားပမာဏခန့်ရှိသည့် phone memory card ပင်ဖြစ်နေသည်။

ဒါဆိုရင်တော့ သူမ မှတ်မိပြီ။

ထိုပစ္စည်းနှစ်ခုအား မည်သူ့ကိုမျှ မတွေ့စေချင်၍





သူမကိုယ်တိုင် စာအိတ်ထဲထည့်သိမ်းထားသော ပစ္စည်းများ ဖြစ်၏။

သူငယ်ချင်းတစ်သိုက် ဓမ္မသီချင်းတွေ ပတ်ဆိုပြီး ပြန်လာတဲ့ ခရစ်စမတ်ညက သိမ်းဆည်းပစ်လိုက်သော အရာများပင် ဖြစ်သည်။

ထို အရာဝတ္ထုများကို သူမ ချက်ချင်းပဲ စာအိတ်ထဲ ပြန်ထည့်ကာ မူရင်းနေရာ၌ပင် ပြန်လည်သိမ်းဆည်းမိလေသည်။

ပြီးမှပဲ သူမ၏ပိုက်ဆံအိတ်ကို အခြားအံဆွဲတစ်ခုထဲမှာ ရှာဖွေတွေ့ရှိလေ၏။

ထို့နောက် အပေါင်းအသင်းတွေ စောင့်နေရာသို့ သူမ ပျာယီးပျာယာ ထွက်လာခဲ့ပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



လူမစုံသေးပါ။ လှလှရီတစ်ယောက် ကျန်နေသေး၏။ ကြယ်ဖြူက သူမမွေးနေ့ နှစ်သစ်ကူးညကျရင် အဖြေပေးမည်ဟု အားလုံးရှေ့မှာ အတိအလင်းပြောကြားလိုက်၍ စွန်ရဲပျော်နေပါသည်။

ထိုအဖြေကား Yes လည်း ဖြစ်နိုင်သလို No လည်း ဖြစ်နိုင်၍ ဒီရက်ပိုင်းအတွင်း ကြည့်နေ၊ ကြည့်စား၊ ကြည့်သွားပါဟုလည်း ကြယ်ဖြူက ရာဇသံထုတ်ထား၏။

သူတို့အားလုံး စင်တာရှိ Fancy ဆိုင်ထဲကို ဝင်၍ New year wish card လေးတွေအား အလုအယက် မွှေနှောက်ကြည့်နေမိသည်။

ထိုအချိန်မှာပင် လှလှရီက ယုန်မကြီး ပန်းဝင်လာသလို ဟောဟဲဆိုက် ဝင်ရောက်လာ၏။

ဘာရယ်မဟုတ်ဘဲ စချင်နှောက်ချင်စောနှင့် (stop watch) နာရီအချိန်သတ်မှတ်ထားသလို သူမ ရောက်ရှိလာချိန်



www.burmeseclassic.com

www.burmeseclassic.com



သည် 'မွန်းတည့် ဆယ်နာရီလေးဆယ့်ငါးမိနစ်တိတိ' ရှိပြီဖြစ်ကြောင်း ဇင်ကြီးက ဆီးပြောပါ၏။

ထိုအခိုက်မှာပင် လုလုရီ လက်ထဲက ဖုန်းရိန်းတုံး (ring tone) မြည်သံတစ်ခု ပေါ်ထွက်လာပါ၏။ ပြီးနောက် ချက်ချင်းဆိုသလို ပြန်ကျသွား၏။ ထိုဖုန်းခေါ်သံနှင့်အတူ ရှေ့ဆင့်နောက်ဆင့်မှာပင် message တစ်ခုပါ ဝင်ချလာသည်။

သူမ အမှတ်မထင် message ထဲ ဝင်ကြည့်လိုက်ရင်း...

'အမယ်လေးတော့်... ဘုရား... ဘုရား... ဘုရားသခင် ကယ်တော်မူပါ'

ဘုရားတသံကြောင့် ကျန်လူများကပါ ထိုဖုန်းနံပါတ်ကို စိတ်ဝင်စားသွားသည်။

သွေးပျက်သွားတဲ့ သူမ၏ မျက်ဝန်းများအား စွန်ရဲက သေသေချာချာ စာဖတ်ကြည့်လိုက်မိသည်။ ပြီးနောက်...

'ပေးစမ်း နင့်ဖုန်း'

ဆိုပြီး သူမလက်ထဲက ဖုန်းကို အတင်းဆွဲယူလိုက်ကာ သူ့လက်ပတ်နာရီက အချိန်ကို တိကျစွာမှတ်သားလိုက်၏။

အချိန်က...





10: 45 AM

သူတို့ထံ ဝင်ရောက်နေကျ...

09.51 12428

ဖုန်းမှ ဆက်သွယ်ပေးပို့မြဲ

Please Call Me back ဆိုတဲ့ စာသားအတိုင်း

စွန်ရဲကိုယ်တိုင် ပြန်လည်ခေါ်ဆိုကြည့်လိုက်သည့်အခါ တုန်ယင်အက်ကွဲစွာ ပေါ်ထွက်လာသော မိန်းမတစ်ယောက်၏ မြည်သံစွဲအလင်္ကာအား သူ၏နားဖြင့် ဆတ်ဆတ်ကြားလိုက်ရပါသည်။

သူသည် တစ်စုံတစ်ရာကို နားလည်သဘောပေါက်သွားသလို အပြုံးပန်းရွှဲဆင်ကာ အားလုံးအား ပြန်ပြုံးပြလိုက်၏။ ထိုအချိန်က ကြယ်ဖြူအပါအဝင် ကျန်လူများကတော့ သူ၏အပြုံးအား အဓိပ္ပာယ်မဖော်ဆောင်နိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## Accept that life has its ups and downs




**W** = လောကဓံ

နိမ့်တုံမြင့်တုံ လောကဓံတရားအား လက်ခံပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

**29 DECEMBER 2013**

ထိုနေ့ညဘက် ဆယ်နာရီခွဲအချိန်တွင် စွန်ရဲဘက်က သေချာအောင် စမ်းသပ်မှုတစ်ခု ပြုလုပ်၏။

ညီမဖြစ်သူအား ဒီည တမင်ဖုန်းပေးမပြောဖြစ်ပါ။

တစ်ဖွဲ့လုံးကြားမှာ အထိတ်တလန့်ဖြစ်စေတဲ့ အော်သံအား (operation) တစ်ကိုယ်တော်စစ်ဆင်ရေး ဝင်ကြည့်ရန် အတွက် ဖြစ်သည်။

ရှေ့တည့်တည့်၌ သူ၏ဟန်းဖုန်းအား ချပြီး မျက်စိ ဒေါက်ထောက်ကြည့်နေ၏။

တစ်ချက် တစ်ချက်...

နံရံပေါ်က နာရီကိုလည်းကောင်း၊ ဟန်းဖုန်းမှန်သား ပြင်ပေါ်က digital clock အားလည်းကောင်း သူ စူးစိုက်ကြည့် နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် . . .

မိနစ်လက်တံက တဖြည်းဖြည်းရွေ့လျားသွားသော အခါ . . .

10:45 PM

Please
Call Me back

ထုံးစံအတိုင်း 09.5112428 ဖုန်းနံပါတ်မှ သူ့ဖုန်းအား ဝင်ရောက်လာခြင်းဖြစ်သည်။

အလျင်အမြန်ပဲ ပြန်ခေါ်ကြည့်လိုက်၏။

သူထင်တဲ့အတိုင်း တစ်ဖက်က ဝင်ရောက်နေကျ မိန်းကလေး၏ အော်မြည်သံအား ပြန်ကြားရပါသည်။

အဖြေတစ်စွန်းတစ်စကို သူ ရိပ်မိသွားပါသည်။

ထို့ကြောင့် သူ၏စီမံကိန်းတစ်ခုအား အမြန်ဆုံး အကောင်အထည်ဖော်ရပေလိမ့်မည်။

❖





အခန်း (၈)

**30 DECEMBER 2013.**

'ငါ့အထင်တော့ သေဆုံးသူ ကောင်မလေးဟာ ဘဝကို တစ်ယောက်တည်း ဖြစ်သလိုရုန်းကန်ရပုံပဲ'

'ဆရာ ဘာလို့ အဲလိုပြောနိုင်တာလဲ'

'အခုထိ အဲကောင်မလေး သေဆုံးတာကို သူ့မိသားစု၊ ဆွေမျိုးသားချင်းတွေထဲက ဘယ်သူမှ လာရောက်စုံစမ်းမှုတွေ မလုပ်ကြလို့ ရဲကပဲ တိုင်ချက်ဖွင့်ပြီး စုံစမ်းနေတယ်လို့ သတင်းရတယ်ကွ'

စွန်ရဲ ခေါင်းထဲမှာ အလုပ်တွေပေးနေမိသည်။ သူ၏ အယ်ဒီတာ ပြောစကားများကိုလည်း နားစွင့်မှတ်သားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲကောင်မလေး ဘယ်မှာနေသလဲ မပြောနဲ့၊ အိုကွာ··· သူ့နာမည် ဘယ်သူလဲဆိုတာတောင် ဘယ်သူမှမသိကြသေးဘူး'

သူ မသိမသာ သက်ပြင်းတစ်ချက်ချမိ၏။

သူ့ဆရာ အယ်ဒီတာကတော့ သူ့ကို ဘယ်လိုထင်နေမလဲ မသိ။ သူသိချင်လွန်းတဲ့ ယခုပြဿနာအား အရမ်းစိတ်ဝင်စား၍ ဆောင်းပါးတစ်ပုဒ် ရေးသားနိုင်ရန်အတွက်ဟု အကြောင်းပြထားသည်။ အသေးစိတ်မေးမြန်းမှုကို ပြု၏။

အယ်ဒီတာက စိတ်ရှည်လက်ရှည် ဆက်ရှင်းပြပါသည်။

'ကျွန်တော် သိချင်တာတစ်ခု ထပ်မေးကြည့်ချင်တယ် ဆရာ'

'အင်း··· မင်းသာ ပဟေဠိနန်းတော်ဆိုရင် ငါဖြေရပါများလွန်းတော့ ဆုကြေးငွေ သိန်းသုံးဆယ်လောက် ရသင့်ပြီ'

'ပေးမယ် ဆရာ၊ ဒီ caseကို ဆောင်းပါးရေးပြီးရင် ကျွန်တော်ရမယ့် စာမူခထဲက သုံးရာဖိုး လက်ဖက်ရည်ဖြန့်တိုက်မယ် ဆရာ့ကို'

ပြောပြီးပြီးချင်း ဟက်ဟက်ပက်ပက်ရယ်မိကြသည်။ ပြီးနောက်····





'အဲကောင်မလေး သေဆုံးတဲ့အချိန်၊ သေဆုံးတဲ့နေရာမှာ ရဲတွေဟာ တစ်ခုခုများ သဲလွန်စမရခဲ့ကြဘူးလား? ဥပမာ ဘာကြောင့် ဘယ်လိုသေဆုံးရသလဲဆိုတာမျိုး။ ဒါမှမဟုတ် ဒဏ်ရာဒဏ်ချက်ရထားတဲ့ လက်နက်တစ်ခုခုကြောင့် သေဆုံးမှုဆိုရင် သဲလွန်စတစ်ခုခုရှိရမယ်'

သူမေးတဲ့မေးခွန်းကို အတန်ကြာစဉ်းစားပြီးမှ···

'သဲလွန်စ မပြောနဲ့၊ ကောင်မလေးရဲ့ ကိုယ်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုကလွဲလို့ ဘာပစ္စည်းမှ မတွေ့ဘူး'

'သူ့အနားမှာ ဖုန်းတွေ ဘာတွေရော ရှိမနေဘူးလား'

ဘာကြောင့်မှန်းမသိ သူ့စိတ်ထဲ ပေါ်လာတာကို ဖြတ်မေးလိုက်ခြင်းဖြစ်သည်။

'ဘာဆိုဘာမှကို မတွေ့ရဘဲ အဲကောင်မလေး လဲကျသေဆုံးတာကိုတောင် ကိုးမိုင်လမ်းမကြီးရဲ့ဘေး ပလက်ဖောင်းရဲ့ တစ်ဖက်တစ်ချက်မှာ ဒီအတိုင်း ခွေခွေလေး သေနေတာ ဘယ်သူမှ မမြင်ကြဘူးတဲ့'

မီးပွင့်သွားသလို သူ့စိတ်ထဲက လင်းခနဲဖြစ်သွား၏။ အယ်ဒီတာကလည်း သူကြားသိထားသမျှ အားတက်သရော ဆက်လက်ရှင်းပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အလောင်းကို ၂၆ ရက်မနက်မှာ ရဲတွေက တွေ့ကြတယ်။ ဒီနေ့နဲ့ဆို ၄၊ ၅ ရက်ရှိပြီပေါ့ကွာ၊ နောက်ဆုံး ဆေးစစ်ချက်အရ ကားတိုက်မှုဖြစ်နိုင်ချေများတယ်လို့ ရဲတွေက လောလောဆယ် ယူဆထားကြတယ်'

သူကြားသိလိုက်ရတဲ့ သဲလွန်စသုံးချက်ကို စိတ်ထဲကနေ ရေရွတ်မိလေ၏။

ထိုသဲလွန်စများမှာ...





သဲလွန်စနံပါတ် 1 = သေဆုံးသူ ကောင်မလေးအနားမှာ ဘာပစ္စည်းမှ ရှိမနေပါ။

သဲလွန်စနံပါတ် 2 = ကားတိုက်မှု (ဖြစ်နိုင်ချေ)

သဲလွန်စနံပါတ် 3 = အလောင်းအား ရှာဖွေတွေ့ရှိရာနေရာ ကိုးမိုင်လမ်းမကြီးရဲ့ဘေး



www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာ၏ ဆောင်းညခင်းအား ဘီယာခွက်ကိုယ်စီနှင့် သွေးထိုးလှုံ့ဆော်လိုက်ကြသည်။

မနက်ဖြန်ဆို ဒီဇင်ဘာ ၃၁ ရက်။

ပြက္ခဒိန်တစ်ခုလုံး၏ အဆုံးသတ်နေ့ဖြစ်သလို၊ ထိုနေ့မှာ ကျရောက်မည့် ကြယ်ဖြူ၏မွေးနေ့အား ကြိုတင်ဂုဏ်ပြုရာလည်း ရောက်ပေသည်ဟု စွန်ရဲက ဆိုသည်။

"Cheers"

လေးကောင်စလုံး ဖန်ခွက်ချင်း ထိခတ်လိုက်ကြ၏။

အမှန်တော့ ဘီယာဖိုးအကုန်ကျခံပြီး စွန်ရဲက သက်သေထူနေခြင်းဖြစ်သည်။

'မင်းတို့ဖုန်းအားလုံး စားပွဲပေါ်တင်ထားကြ'

ပြောပြောဆိုဆိုဖြင့် စားပွဲပေါ်အသင့်တင်ထားသော သူ့ဖုန်းမှ နာရီအား လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပိန်၊ ဝတုတ်နှင့် ဇင်ကြီးတို့သုံးကောင်မှာတော့ ယောင်နနနှင့် လက်ကိုင်ဖုန်းများကို စားပွဲပေါ် ထုတ်တင်လိုက်ကြသည်။

ဖိုးပိန်က…

'ဘာ… ဘာ… ဘာလုပ်မလို့လဲ စွန်ရဲ'

ကြည့်နေစမ်းပါဆိုသည့် အိုက်တင်နှင့် သူ့ပုံစံက ရဲရင့်တည်ကြည်လွန်းနေသည်။

ထိုအချိန်…

'တီ… တီ…'

'တီ… တီ…'

ဖုန်းလေးလုံးသို့ ရှေ့ဆင့်နောက်ဆင့် message များဝင်ရောက်လာခြင်းဖြစ်သည်။ message များပေးပို့ရာ နံပါတ်က တစ်ခုတည်း။

ထိုအချိန်သည်ကား…

10:45 PM

အကြောင်းကြောင့် အကျိုးဖြစ်သည်ဟုဆိုလျှင် စွန်ရဲ၏ တန်ပြန်လုပ်ရပ်အား သူတို့ မင်သက်ငေးမောစွာ ကြည့်ရှုနေရုံက လွဲလို့ ဘာမျှမတတ်နိုင်။





စက္ကန့်ပိုင်းအတွင်း သူ၏ဖုန်းစပီကာကို ဖွင့်၍ အားလုံးရှေ့မှာ 09.5112428 သို့ ပြန်ခေါ်လိုက်လေ၏။

# အား!



www.burmeseclassic.com

www.burmeseclassic.com



ဝတုတ်၊ ဖိုးပိန်နှင့် ဇင်ကြီးတို့ သုံးကောင်လုံး မျက်စိတွေအဝိုင်းသားနှင့် စွန်ရဲကို ကြောင်ကြည့်ကြည့်နေကြသည်။ ပါးစပ်ပေါက်တွေ ပိတ်သွားကြ၏။

'ကဲ… ဘယ်လိုလဲ၊ ဒီကိစ္စ ငါ တရားခံမဟုတ်တာကို မင်းတို့အားလုံး ယုံပြီလား'

ဟုဆိုပြီး သူ ဘီယာတစ်ကျိုက်ကို အရသာရှိရှိမော့ချလိုက်ပါသည်။

❖





## အခန်း (၉)

**31 DECEMBER 2013**

**10:00 PM**

နှစ်သစ်ကူးည ဆယ်နာရီအမှောင်ဆိုင်းဆိုင်းမှာ စွန်ရဲမောင်းလာသည့်ကားနှင့် ဖိုးပိန်၊ ဝတုတ်၊ ဇင်ကြီးတို့အား တစ်ပါတည်း တင်ဆောင်လာ၏။

ယနေ့ည ကြယ်ဖြူ၏ မွေးနေ့နှင့် နှစ်သစ်ကူးကြိုဆိုရေး အထူးအစီအစဉ်အား သူမခြံထဲတွင် လုပ်မည်ဟု ဖိတ်ကြားခြင်းခံထားရသောကြောင့် ဖြစ်သည်။

10:30 PM

'ဘယ်ကိုသဝေထိုးနေတာလဲ? ဒါ ကြယ်ဖြူရဲ့အိမ်ကိုသွားတဲ့လမ်းကြောင်းမှ မဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းက ဝတုတ်မှ ထူးဆန်းသလို ထမေးလေသည်။

ရှေ့ခန်းမှာ ဆန့်ဆန့်ကြီးထိုင်နေတဲ့ သူက…

'ငါ့ဂျာနယ်တိုက်ကို ခဏလေးဝင်စရာရှိလို့'

ဆိုပြီး သူ ဂျာနယ်တိုက်ရှေ့အရောက် ကားကို ခဏရပ်စောင့်ခိုင်းပါသည်။ ပြီးနောက် ကားပေါ်မှဆင်းပြီး တိုက်ထဲကို ဝင်ရောက်သွားသည်။

သုံးမိနစ်အကြာတွင် သူ့လက်ထဲတွင် ဂျာနယ်တစ်စောင်အား ကိုင်ဆောင်လာပြီး အသင့်ရပ်စောင့်နေသော Taxi ကား ပေါ်သို့ ဝင့်ကြွားစွာပြန်ဝင်ထိုင်လိုက်သည်။

သူ့မျက်နှာပေါ်မှာ အပြုံးပန်းတစ်ခု ပန်ဆင်လာပါ၏။

'ဒါ မနက်ဖြန် မနက်အစောကြီးထွက်မယ့် ငါတို့ဂျာနယ်ပဲ၊ သတင်းခေါင်းစီးကို ကြည့်လိုက်၊ မင်းတို့မြင်တဲ့အတိုင်းပဲ'

ဆိုပြီး ဇင်ကြီးလက်ထဲသို့ သူ့ဂျာနယ်အား ပစ်ပေးလိုက်သည်။

အားလုံး မမှိတ်မသုန်ဖြင့် ကြည့်ရှုလိုက်သည်က…

**"ကားတိုက်ခံရလို့ သေခဲ့ရတဲ့ မိန်းမလှလေးတစ်ယောက်အကြောင်း"**





သုံးကောင်လုံး ဇဝေဇဝါနှင့် မရေမရာဖြစ်ကုန်ကြပါသည်။

10: 44 PM

သူတို့ငှားလာတဲ့ ကားက ကြယ်ဖြူအိမ်ရှေ့မှာ ဂိတ်ဆုံးသွားသည်။

10:45 PM

မွေးနေ့ပါတီမှာ စွန်ရဲကို တမျှော်မျှော်ဖြစ်နေရှာတဲ့ ကြယ်ဖြူ၏ ဟန်ပန်က သစ်ကုလားအုတ်မလေးလို လှပနေရှာသည်။

ယနေ့ည စွန်ရဲကို သူမ အဖြေပေးမည်ဟု ကြေညာထားတဲ့အတိုင်း သူမ တာဝန်ကျေရပါလိမ့်မည်။

အိမ်ထဲမှာ မေ့ကျန်ရစ်ခဲ့တဲ့ သူမဖုန်းကို အသုံးမပြုဘဲ လှလှရီ၏ ဖုန်းအား ခဏငှားကာ သူ့ဖုန်းဆီ လှမ်းဆက်မည်အလုပ် message တစ်စောင် ဝင်ရောက်လာ၏။

လှလှရီ အနားမှာပျောက်နေ၍ သူမပဲ ထိုနံပါတ်လေးအတိုင်း အမှတ်တမဲ့ပြန်ခေါ်ကြည့်မိသည်။

(အားလုံးမျှော်လင့်ထားတဲ့အတိုင်း) တစ်ဖက်မှ အော်မြည်သံကြောင့် သူမ သွေးလေတို့ ချောက်ချားသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုနှလုံးရောဂါအခံရှိသော သူမအဖို့ ထိုအော်မြည်သံက 'နတ်ဆိုး၏ခေါ်သံ' လိုပင် သွေးပျက်ဖွယ်အတိ။ အသက်ရှူမှားလောက်အောင် နှလုံးခုန်သံများ ကပြောင်းကပြန်ဖြစ်ရလေသည်။

ကျောက်ရုပ်တစ်ရုပ်လို ခေတ္တဆွံ့အသွားပြီး ထိုနေရာ၌ပင် သူမ ဗုန်းဗုန်းလဲကျသွားလေတော့သည်။

❖





အတိတ်

ပစ္စုပ္ပန်

အနာဂတ်...

ကာလသုံးပါးလုံး ခုန်ပေါက်ပြေးဆော့!

လွတ်လပ်ပြီဆိုတဲ့ ခေတ်က

ကျွမ်းထိုးမှောက်ခုံဖြစ်လို ဖြစ်။

ပြောင်းလဲမှုဆိုတာ ပြောင်းလဲခြင်းလား?

ပြောင်းလဲခြင်းအရုပ်က အဖြေပေးပါ။

ပြောင်းလဲမှုဆိုတာ ပြောင်းလဲခြင်းလား?



www.burmeseclassic.com

www.burmeseclassic.com



ဒါ စွန်ရဲ အစသန်လို့ ဖြစ်ရတာဆိုပြီး လက်ညှိုးတွေထိုးကာ ဝိုင်းဝန်းစွပ်စွဲကြပြန်သည်။

'ကံကောင်းပေလို့ ကြယ်ဖြူ မသေတာ'

အေးချမ်းသူ၏ သံသယအား စိတ်ပျက်မိလေသည်။

ဟိုသုံးကောင်ကတော့ သူ့ကို ဘာမှပြောဆိုဝေဖန်ခြင်းမရှိ။ ရွှေစင်ကဆို…

'နင့်ရဲ့ အစအနောက်သန်မှုကို ရပ်တန်းကရပ်သင့်ပြီ စွန်ရဲ၊ အခန့်မသင့်လို့ ကြယ်ဖြူတစ်ခုခုဖြစ်သွားရင် တရားခံက နင်ပဲ'

ဟု ရန်ထောင်ပါသည်။

'ငါ မလုပ်တာကို မလုပ်ပါဘူးလို့ သက်သေပြရမှာ အထုမြူကိစ္စနဲ့ လုံးဝပတ်သက်ခြင်းမရှိတဲ့ နိုင်ငံကို မရှိကြောင်း သက်သေပြခိုင်းနေသလိုပဲ၊ ခက်လိုက်ကြတာဟာ'



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ပြောနိုင်တဲ့ စကားက ဒီလောက်ပဲ ဖြစ်သည်။

သူ့ခမျာ ချစ်သူဆီက မွေးနေ့အမှီ အဖြေမရလိုက်တဲ့ အပြင် 'လူရွှင်တော်လူသတ်သမား'ဟု ဝိုင်းဝန်းသမုတ်ခံရပြန်သည်။

ထိုအချိန် အမှတ်မထင် မေ့မြောနေသော လူနာအား ရေပတ်သုတ်ပေးနေသည့် လှလှရီကို သူ သတိထားမိသွားသည်။

ယခုအခြေအနေ၌ သူ့အား အထင်မှားပြီး လက်ညှိုးထိုးကြသူများထဲမှာ အမှန်ဆို လှလှရီလဲ ပါဝင်သင့်သည်။

ဟိုသုံးကောင်ကတော့ မျက်ဝါးထင်ထင် သက်သေပြပြီးသွား၍ အကြောင်းမဟုတ်။ ဒီပြဿနာတက်တိုင်း သူမ ဘာကြောင့် သူ့ကို မျက်နှာလွှဲထားတာပါလိမ့်?

ထိုအခိုက်မှာပင်…

ပြဿနာ၏ source ဇာစ်မြစ်အား စတင်သယ်ဆောင်လာသူ (သို့) အစဆွဲထုတ်လာသူသည် လှလှရီပင်ဖြစ်ကြောင်း သူ ကောင်းကောင်းကြီး သတိရမိပါလေတော့သည်။

ဟုတ်မည်။ ဟုတ်ကို ဟုတ်ရမည်။

ဘာကြောင့်ဆို 27 ရက်နေ့က တော်ဝင်စင်တာ အမျိုးသမီးသန့်စင်ခန်း၌ ဖုန်းထဲမှ အော်မြည်သံအား စတင်ကြားခဲ့ရသူမှာ လှလှရီပင် မဟုတ်ပါလား?

❖







အလယ်ပိုင်းခေတ်က ရေးဆွဲထားသော သေကာနီးလူအား စောင့်ကြည့်နေတဲ့ နတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

**1. JANUARY 2014**

'လုလုရီ နင် ငါ့ကို အမှန်အတိုင်းဖြေနော်'

'ဘာဖြေရမှာလဲ'

သူမက မှုန်ဝါးဝါးလုပ်နေပြန်သည်။

'နင် အခုကိုင်ထားတဲ့ ဒီဟန်းဆက်က ဘယ်သူ့ဟန်းဆက်လဲ'

စားပွဲပေါ်ရှိ သူမ ဖုန်းဟန်းဆက်အား ကောက်ယူပြီး မေးခွန်းထုတ်သည်။ လုလုရီ ပြန်ကြည့်နေပုံက မထိတထိဖြင့်…

'ဘယ်သူ့ဟန်းဆက်ရမှာလဲ၊ မကြာခင်ကမှ ငါလဲကိုင်ထားတာပါဆို'

'နင် ကျိန်ပြောရဲလား၊ ဒါ နင့်ဥစ္စာအမှန်ပါလို့'



www.burmeseclassic.com

www.burmeseclassic.com



သူမ ကြက်သေသေသွားသည်။

ရုတ်တရက် ပြန်တုံ့ပြန်ဖို့ စကားများအား ရှာကြံနေရသည်။ တော်တော်နှင့် စကားမပြန်သေး။ စွန်ရဲကပဲ ထပ်ပြီး အစ်အောက်ကြည့်ရပြန်သည်။

'တကယ်လို့ နင် လိမ်ရင် ဘုရားသခင်က ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူးနော်'

ထိုအခါ လှလှရီ၏ မျက်ဝန်းများ ပုံမှန်ထက်ကျယ်ဝန်းသွား၏။

လက်ဝဲဘက်မှ လက်ယာဘက်ရင်ဘတ်သို့၎င်း၊ သူမ၏လက်တစ်ဖက်ဖြင့် တစ်ဆင့်ချင်း နဖူးထိပ်သို့ ရွေ့လျားသွားပြီး ဆုတောင်းမှုပုံစံ ပြုလိုက်ပါသည်။

'ဘုရားသခင်ကို မညာချင်လို့ နင့်ကို ငါ အမှန်တိုင်းပြောမယ် စွန်ရဲ၊ နင် မှတ်မိမလား မသိဘူး၊ ငါတို့ မြို့ပတ်ပြီး ဆုတောင်းသီချင်းတွေ သွားဆိုခဲ့ကြတဲ့ ခရစ်စမတ်ညက လေ...'





**25. DECEMBER. 2013**
**(ခရစ်စမတ်နေ့)**



www.burmeseclassic.com

www.burmeseclassic.com



*'xxx မယ်ရီခရစ်စမတ် ... တူ ယူ xxx*

*မယ်ရီး ခရစ်စမတ် ... တူး ယူ xxx*

*(မယ်ရီ ခရစ်စမတ်)² ... တူ ယူ xxx'*

သူတို့မျက်နှာပေါ်မှာ ငြိမ်းချမ်းခြင်းများစွာဖြင့်။ မေတ္တာစာတ်အပြည့်က ရင်ဘတ်ကိုယ်စီထဲ၌ ကိန်းအောင်း၍ နေရာယူထားကြသည်။

မမောနိုင် မပန်းနိုင်ဖြင့် ဆုတောင်းသံအား သံပြိုင် အဆုံးသတ်လိုက်ကြပါသည်။

'အတော်ပဲ၊ ဒီရှစ်မိုင်ခွဲတစ်ဝိုက်မှာ ငါ့အဖေရဲ့ မိတ်ဆွေတွေချည်းပဲ၊ ရောက်တုန်း ဟိုရှေ့က ဦးစောပျွန့်တယ်ရီ အိမ်ကို သွားဆုတောင်းပေးလိုက်ကြရအောင်'

ဝတုတ်က အဖော်ညှိလေ၏။

'ကောင်းသားပဲ၊ ဘုရားသခင်က ခွင့်ပြုပါတယ်'

'ငါကတော့ လမ်းလျှောက်ရတာ ခြေထောက်တွေ နာလာပြီ'



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာရပ်ရင်း လှလှရီက ရှုံ့မဲ့စွာပြောလာ၏။

'နင်ကလည်း ဒါ ညည်းညူစရာ မဟုတ်ဘူးနော် လှလှရီ'

ဆိုပြီး ကြယ်ဖြူက ရအောင်ခေါ်ပါသည်။

'ဟုတ်ပါ့၊ နှလုံးရောဂါအခံရှိတဲ့ ကြယ်ဖြူကတောင် လန်းဆန်းတက်ကြွနေသေးတာ၊ နင်က ဘာဖြစ်တာလဲ'

အေးချမ်းသူက သူမ၏ ခံနိုင်ရည်အား ပြစ်တင်ကဲ့ရဲ့ပါသည်။

'ကဲ··· ငါတို့ ခရီးဆက်လိုက်ကြရအောင်၊ အားလုံးကို ဘုရားသခင် ကောင်းချီးပေးမှာပါ'

စွန်ရဲနှင့် ဝတုတ်တို့၏ ခေါ်ဆောင်ရာနောက်သို့ မငြင်းသာတော့ဘဲ သူမ မအီမသာဖြင့် လိုက်ပါလာပါသည်။

ခရစ်စမတ်ည လေညင်းက တသိမ့်သိမ့်နှင့် လောကကြီးထဲ နူးညံ့စိမ့်ဝင်လျက်။

ပြည်လမ်းမကြီးပေါ်က မာကျူရီအလင်းတန်းများကို သူတို့၏ အရိပ်များစွာက ဖြတ်သန်းအုပ်လွှမ်းသွားကြ၏။





အချိန်က ညဆယ်နာရီလေးဆယ်ဝန်းကျင်ဖြစ်သည့်အလျှောက် လမ်းမကြီးပေါ်မှာ ကားသွားကားလာက ကျဲစပြုနေပါပြီ။

တစ်ချက် တစ်ချက် ဝူးခနဲဖြတ်မောင်းသွားသည့် ကားများ၏ အရှိန်ကြောင့် ရိုက်ခတ်လာသော လေအဟုန်က ပြင်းထန်လွန်းသည်ဟု ခံစားရသည်။

လက်လေးပိုက်၍ ချမ်းစိမ့်စိမ့်ပုံပေါက်နေသော ကြယ်ဖြူ၏ ကိုယ်ပေါ်အား သူ၏ဂျင်းကုတ်ကိုချွတ်၍ အလိုက်တသိ ဝတ်ပေးလိုက်ပါသည်။

နှစ်ဦးသား သီချင်းပြိုင်တူသီဆိုရင်း ပြုံးဖြစ်ကြလေ၏။

ဝတုတ်အဖေ၏မိတ်ဆွေ (ဦးစောဌွန်တယ်ရီ) အိမ်ရှေ့မှာ သူတို့ အဆိုကောင်းနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'xxx မယ်ရီခရစ်စမတ် ကျွန်ုပ်အတွက်ပါ xxx မယ်ရီခရစ်စမတ် အားလုံးအတွက်ပါ xxx မယ်ရီခရစ်စမတ် xxx ကိုယ်တော်ယူဆောင်လာ xxx ♬ ဤအိမ်ပေါ်သို့ xxx ကောင်းချီးမင်္ဂလာ ရောက်စေသော်ဝ်။ xxx ဤအိမ်ပေါ်သို့ ကောင်းချီးမင်္ဂလာ ရောက်စေသော်ဝ် xxx ရောက်စေသော်ဝ် xxx'

သူတို့၏ မင်္ဂလာရှိသောလုပ်ရပ်အား ဘုရားသခင်က တစ်နေရာမှ ကောင်းချီးပေးနေမှာ သေချာပါသည်။

ထိုအချိန် ...

သူတို့နှင့်အတူပါမလာဘဲ ပြည်လမ်းမကြီး၏ မျက်နှာချင်းဆိုင်၌ လုလှရီတစ်ယောက်တည်း ချန်လှပ်၍ အမောထိုင်ဖြေနေမိသည်။

Bus-stop ဘတ်စ်ကားမှတ်တိုင်အောက်၌ ခဏထိုင်ကာ အနားယူနေသည့် သူမအား သူတို့တွေ သတိမထားမိနိုင်ဘူးဟု ကြိတ်ပြုံးနေမိပါသည်။

အချိန်အားဖြင့် ...

| 10:45 PM | ထိုအခိုက် |
|---|---|

'တီ... တီ... တီ... တီ...'





လက်ထဲမှာ ကိုင်ဆောင်ထားတဲ့ သူမ၏ဖုန်းကလည်း မဟုတ်။ ဘယ်ကမှန်းမသိတဲ့ မြည်သံတစ်ခုကြောင့် ဘေးဘီဝဲယာအား လှည့်ပတ်ကြည့်မိသည်။

မှတ်တိုင်အောက်မှာ သူမတစ်ယောက်က လွဲ၍ ဘယ်သူမှလည်း မရှိ။ ခုနက အသံအားလည်း နားနှင့်ဆတ်ဆတ်ကြားလိုက်ရတာ သေချာပါသည်။ သူမ အနည်းငယ်တော့ ကျောချမ်းသလို ဖြစ်သွားရသည်။

မဖြစ်တော့။

ဒီနေရာမှာ ဆက်ထိုင်နေဖို့ ခွန်အား သူမမှာ မရှိတော့ပါ။ ထို့ကြောင့် အဖွဲ့ရှိရာ ပြန်ပြေးရမည်ဟု ဆုံးဖြတ်လိုက်ပြီး နေရာကအထ တစ်စုံတစ်ရာအား ခလုတ်တိုက်မိပြီး ဟပ်ထိုးလဲမလို ဖြစ်သွားရသည်။

အချိန်မီ သူမ၏အရှိန်ကို ပြန်လည်ထိန်းချုပ်နိုင်၍တော်သေးသည်။ ထို့နောက် သူမ ခြေထောက်အောက်နားမှာ အမှတ်တမဲ့တွေ့လိုက်ရတာက ဟန်းဖုန်းတစ်လုံး ဖြစ်နေပေသည်။

ကောက်ယူကြည့်မိ၏။

သူမ လက်ထဲမှာတင် လှည့်ပတ်ကြည့်နေမိသည်။ ဖုန်းအမျိုးအစားက Sony Ericsson (X PERIA U)။



www.burmeseclassic.com

www.burmeseclassic.com



မသိစိတ်က လိုချင်မှုတွေ တဖွားဖွားပေါ်လာကာ သူမ လျှို့ဝှက်အလုပ်တစ်ခုကို လုပ်မိ၏။

ထို့နောက် ဖုန်းပါဝါကို အချိန်မီပိတ်ပစ်လိုက်ပါသည်။

မသိလိုက် မသိဘာသာဖြင့် သူမဘောင်းဘီ နောက် ထပ်အိတ်ကပ်ထဲမှာ ထိုဖုန်းလေးက နေရာယူသွားလေ၏။

ထိုသို့ဖြင့် . . .

ထိုညမှာ သူမ ကောက်ရလိုက်တဲ့ ထိုဖုန်းလေးက ပြဿနာကို စတင်သယ်ဆောင်လာပါလေတော့သည်။

❖







အသက်ကိုစောင့်ရှောက်တဲ့ သက်စောင့်နတ်မင်း



www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com



အဖြေကို အတည်ပြုရန် နှစ်ဆင့်၊ သုံးဆင့်သာ ကျန်ပါတော့သည်။ အဓိကတစ်ခုပဲ စဉ်းစားစရာရှိတော့တာက...

ထိုဟန်းဆက်အား လှလှရီ စတင်ကောက်တွေ့ရနေရာသည် ၈ မိုင်ခွဲမှတ်တိုင်မှာ ဖြစ်နေပြီး သေဆုံးသူ၏ အလောင်းကို ရှာဖွေတွေ့ရှိသည့်နေရာမှာ ကိုးမိုင်လမ်းမကြီး၏ ဘေး၌ ဖြစ်နေပေသည်။

ထိုအချက်သည်

စဉ်းစားစရာအချက်များစွာထဲမှ

အရေးကြီးဆုံးသော့ချက်ပင်ဖြစ်ကြောင်း

သူ သဘောပေါက်လိုက်ပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

'ကြယ်ဖြူ နေရထိုင်ရတာ သက်သာရဲ့လား'

'နှလုံးသားကို ရှော့ခ်ရိုက်ခံရတာက လွဲလို့ သက်သာမှာပါ'

အရေးထဲမှာ ဇင်ကြီးက အလိုက်ကန်းဆိုး မသိ။ အနောက်က ဝတုတ်မှ ဆွဲဆိတ်လိုက်သည်။

ခုတင်ပေါ်မှ ကြယ်ဖြူက သူ့ကို တင်းတင်းမာမာပြန်ကြည့်ရင်း…

'အမိကကတော့ ငါတို့တစ်ဖွဲ့လုံးရဲ့ အနားမှာ နင်ရှိမနေရင် စိတ်ချမ်းသာမယ် ထင်တာပဲ၊ ဒီပြဿနာတွေ တက်မှာမဟုတ်ဘူး'

ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။

'ကြယ်ဖြူရယ်… ငါ့ကို နားလည်ပေးမယ့်လူဆိုလို့ တစ်လောကလုံးမှာ နင်တစ်ယောက်ပဲ ရှိမယ်ထင်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ရှိခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ငါ့အသက်နဲ့ရင်းပြီးတော့ နင့်ကို နားလည်ပေးရမှာလား'

သူ့အတွက် ပြဿနာက တက်နိုင်ဖျားရောက်ဆိုသလိုပင်။ ဒီရက်ပိုင်းတစ်လျှောက်လုံး ပြဿဒါးရက်တွေချည်း ဖြစ်နေပေသည်။ စွန်ရဲက…

'ငါ့ကြောင့် နင် ခုလိုဖြစ်တာ မဟုတ်ဘူး၊ နင်အပါအဝင် ငါတို့အားလုံး ဗိုင်းရပ်စ်မိနေတာ'

'ဗိုင်းရပ်စ်မိနေတာ ဟုတ်လား စွန်ရဲ'

အာမေဋိတ်သံနှင့် ရွှေစင်က ဝင်မေးသည်။

'အလကားပါဟယ်… ငါတို့အားလုံး သူ ထင်တိုင်းကြဲနေတဲ့ ဗိုင်းရပ်စ်ထဲမှာ မိနေတာဖြစ်မှာပေါ့'

'နင်မယုံရင် ငါ့ဘက်က ဒီကောင်တွေ သက်သေရှိတယ်၊ ပြီးတော့ နောက်ထပ် အဓိကသက်သေတစ်ယောက်က လှလှရီပဲ၊ နင်မယုံရင် သူတို့ကို မေးကြည့်'

အရေးကြီးတဲ့အချိန်မှာ သွေးနီးဖို့ သူ့ဘက်က အားကိုးရှာမိသည်။ လေးယောက်လုံးက တုတ်တုတ်မှ မလှုပ်။ ကြာတော့ စွန်ရဲ ပေါက်ကွဲလာသည်။ သူတို့ ငြိမ်ချက်သားကောင်းနေသည်က အကြောင်းမဟုတ်။

အချစ်ရေးအတွက်ပင်ဖြစ်စေ၊ အမုန်တရားအတွက်ပင်





ဖြစ်စေ၊ ဂုဏ်သိက္ခာအတွက်ပင်ဖြစ်စေ အခန့်မသင့်ရင် သူ့ဘဝက ရေလယ်နှင့် ရေတိမ်မှာပါ နစ်သွားနိုင်သည်။

တစ်ယောက်ချင်းစီ၏ မျက်ဝန်းများကို သူက ကျားရဲတစ်ကောင်လို စူးစိုက်ကြည့်ရင်း..

'ကောင်းပြီ ကြယ်ဖြူ၊ နင် အခု သက်သာပြီဆိုရင် အားလုံးနဲ့အတူ နင်ပါလိုက်ခဲ့၊ လှလှရီ နင့်ဆီမှာ ငါမှာ လိုက်တဲ့ Sim card နဲ့ ဖုန်းမန်မိုရီကတ် ပါတယ်မို့လား'

လှလှရီက တုန်ရီစွာ ခေါင်းညိတ်ပြသည်။

မဆီမဆိုင် ပဲလှော်ကြားညပ်နေတဲ့ ဆားတော့ အဖြစ်မခံနိုင်။ ပဲလှော်ရော၊ ဆားရောပါ ဒယ်အိုးထဲပစ်ထည့်ကာ လှော်ပစ်ရပါလိမ့်မည်။

စွန်ရဲ…

ဤအမှုမှန်ပေါ်ပေါက်ရေးအတွက် မရအောင်ဖော်ထုတ်ရမည်ဟု သတ္တိရှိရှိ သန္နိဋ္ဌာန်ချလိုက်ပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမော့
ရင်ကော့ထားတဲ့
ခြေဖဝါးအောက်
သံသယဦးခေါင်းခွံကို ချနင်းခဲ့ရဲ့။
အရောင်စုံမီးခိုးငွေ့တွေကြားက
ထွင်းဖောက်လာတဲ့
လူငယ်တစ်ယောက်...
အမှန်တရားအတွက်
နေထွက်ရာအရပ်ကို ကျောပေးပြီး
လက်နှစ်ဖက်ကို ဆန့်တန်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

လမ်းတစ်လျှောက် စွန်ရဲ အငြိမ်မနေ။ လှလှရီ ကောက်ရထားသည့် ဟန်းဆက်ထဲသို့ မူလပိုင်ရှင်၏ Sim card နှင့် မန်မိုရီကတ်ကို ထည့်သွင်း၍ ကလိကြည့်နေပါသည်။

ဦးစွာ…

ဖုန်းအဝင်အထွက် call.log ထဲ မွှေနှောက်မိတဲ့အခါ ဖုန်းပိုင်ရှင်ထံ နောက်ဆုံးဝင်ရောက်ထားတဲ့ ဖုန်းနံပါတ်တစ်ခု ကို သတိထားလိုက်မိ၏။

Recorded မှတ်တမ်းအရ…

သူ လက်ချိုးရေတွက်ကြည့်သောအခါ ဒီဇင်ဘာ ၂၅ ရက်နေ့ည ၁၀ နာရီလေးဆယ့်ငါးမိနစ်တိတိ၌ ပြတ်တောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသော ဖုန်းနံပါတ်ပင်ဖြစ်နေကြောင်း ပြတ်ပြတ်သားသား တွေ့ရှိရ၏။

ဒီဇင်ဘာ ၂၅ ရက်ဆိုလျှင် ယနေ့မှစ၍ ပြန်လည် တွက်ချက်ပါက ဒီနေ့သည် ၁ ရက်ဖြစ်တာကြောင့်…

မနေ့က ၃၁။ ပြီး ၃၀ ရက်။ ၂၉၊ ၂၈၊ ၂၇၊ ၂၆၊ ၂၅ ရက်နေ့ တစ်ပတ်တိတိအတွင်း ကျရောက်နေပေသည်။

ပြီးနောက်…

ကွယ်လွန်သူအတွက် ရည်စူးပြီး တစ်ခုခုလုပ်ဆောင် ပေးရန် လိုအပ်လိမ့်မည်ဟု သူ စဉ်းစားမိသည်။

ထို့ကြောင့်…

ကားသမားအား သူ အရင်ဦးဆုံး မောင်းခိုင်းလိုက် သည့်နေရာက ၈ မိုင်ခွဲ။

သူတို့ ခရစ်စမတ်သီချင်းဆိုခဲ့စဉ် ညက လုလုရီ တစ်ယောက် ထိုဖုန်းအား စတင်ကောက်တွေ့ခဲ့သော ဘတ်စ် ကားမှတ်တိုင်နေရာသို့ ဦးတည်နေပါသည်။

❖





တစ်ဖွဲ့လုံး ကျိုးကြည့်ကြောင်ကြည့်ဖြင့် စွန်ရဲ၏လုပ် ရပ်ကို သဘောမပေါက်သေး။

ထိုနေရာအရောက်…

ဘယ်သူမှဂရုမစိုက်တဲ့ မှတ်တိုင်တွင် ဝင်ထိုင်ကာ ကွယ်လွန်သူအတွက်ရည်စူး၍ ဘုရားသခင်အား သူ့စိတ်ထဲမှ တမ်းတလိုက်သည်။

ပြီးနောက်…

သူ့လက်ထဲမှာ ထိုဖုန်းအား သားကောင်တစ်ကောင်လို သဘောထားပြီး ဆက်လက်စူးစမ်းကြည့်နေမိသည်။

သူ ဖြစ်ပျက်နေတဲ့ပုံစံအား ကြည့်ပြီး အားလုံးက ခေါင်းတခါခါဖြင့် ဝေဖန်မည်အလုပ်…

'ကဲ… ငါတို့ ဆက်လုပ်ရမယ့်အလုပ်က တစ်ခုပဲ ရှိတော့တယ်'

'စွန်ရဲ… မင်းကို တို့ ဘာမှမပြောတော့ဘူး၊ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင် အဲဒီရှော့ခ်ကြီးတစ်ခုလုံးကို ခေါင်းထဲကထုတ်ပစ်လိုက် ပါတော့’

ဇင်ကြီးက သူ့အား လာပြီးနားချသည်။ သူ ခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး…

**‘စိန်ခေါ်ပြီးတိုက်တဲ့ သူရဲကောင်းတိုင်း ဘယ်တော့မှ နောက်မဆုတ်ဘူး၊ ဒါ ငါ့ရဲ့ဂုဏ်သိက္ခာနဲ့ အချစ်အတွက် ကံကြမ္မာဖန်တီးတဲ့ တိုက်ပွဲ။ မကြာခင် ငါ နိုင်တော့မှာ သိနေတယ်’**

သွားလေပြီ။

အားလုံး၏ စိတ်ထဲ အတွေးထဲမှာ စွန်ရဲတစ်ယောက် ရူးများ ရူးသွားပြီလားဟု ပြောနေမိသည်။

‘လာပါ စွန်ရဲရယ်၊ ငါတို့ အိမ်ပြန်ကြရအောင် မိုးလည်း ချုပ်နေပြီ၊ ဒီကိစ္စ နင်နဲ့ တကယ်မဆိုင်ဘူးဆိုရင် နင် လိပ်ပြာသန့်ဖို့ပဲ လိုတယ်’

ကြယ်ဖြူက တိုးသဲ့စွာ အနားကပ်ပြီးလာပြောတော့ သူက…

**‘တချို့ကိစ္စတွေဟာ ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး အလကားနေ ဘေးရှောင်ပြီး လိပ်ပြာသန့်နေလို့လည်း မရဘူး ရှေ့ဆုံးထွက်ပြီး ရင်ကော့ပြရဲရတယ်၊ ဒါမှ တက်နေရ**





ပြဿနာဟာ ပြဿနာပါလားဆိုပြီး အားလုံးရှင်းလင်း ပြတ်သွားမှာ၊ နို့မို့ဆို အရာရာတိုင်းဟာ အနိုင်ကျင့်ခံနေ ရသလိုပဲ၊ မှုန်ဝါးဝါးနဲ့ ဒီအတိုင်းပဲ ပြီးသွားလိမ့်မယ်။ ကဲ… အားလုံးသည်းခံပြီး ငါ့နောက်ကို ဆက်လိုက်ခဲ့ကြပါ’

သူ၏ လေးနက်တဲ့ယုံကြည်မှုကို ဘယ်သူမှ ဘာမှ မပြောလိုတော့။

လိုက်ဆိုတော့လည်း လိုက်သွားကြရပြန်သည်။

အခုတစ်ခါ သူ၏ ဦးတည်ရာက ခရစ်စမတ်ည 10:45 တီတီက ဝင်ရောက်ပြီး ပြတ်တောက်သွားသော ဖုန်းနံပါတ်ရှိရာအတိုင်း ဖြစ်သည်။

နေရာကနေထွက်ကာနီး အခြားဖုန်းနံပါတ်ဖြင့် ထိုနံပါတ်အား ခေါ်ဆိုကြည့်ရာတွင် ထိုနံပါတ် ကိုင်ဆောင်ထားသူသည် သူရှိနေမယ့်နေရာအား ပြောပြလာခြင်းကြောင့်ဖြစ်သည်။

သူတစ်ပါးအား ‘ကြပ်’တတ်သော သူ့အကျင့်က ဒီနေရာတွင်တော့ အသုံးဝင်သည်။

အခုချက်ချင်း တွေ့ချင်နေသည့် ဘော်ဒါဟောင်းတစ်ယောက်၏အသွင်ဖြင့် ဖုန်းထဲမှာတင် အစ်အောက်လိုက်ခြင်းကြောင့် ထိုလူရှိနေမယ့်နေရာကို သိရှိလိုက်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင်ဖြစ်ဖြစ် သွေးကြွနေသော သူ၏အစွမ်းသတ္တိကြောင့် ပြဿနာအလုံးစုံက မကြာခင် ရုပ်လုံးပေါ်လာပါတော့မည်။

❖





ငါခုတ်ခဲ့တာ မဟုတ်ပါဘူး။
ငါက...
အဲဒီသံသရာပပ်ကြားအက်ထဲမှာ
ညပ်နေတဲ့ဓားတစ်လက်ပါပဲ။

ကဲ... ခုကစပြီး
ငါ့ကိုယ်ငါ တစ်ကိုယ်ကောင်းဆန်ပစ်ရတော့မယ်။
တစ်...
နှစ်...
သုံး... **ဝုန်း**



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

'ဟေ့လူ… ကြောင်တောင်တောင်လုပ်မယ်မကြံနဲ့၊ ကျုပ်မေးတာ မှန်မှန်ဖြေ'

Club ထဲ 'ခေါင်း'ဖြစ်သူအား သူက သိုင်းဖက်၍ ရပ်တည်နှင့် စစ်ကြောရေးဝင်နေခြင်းဖြစ်သည်။

'ကျုပ်တို့ကို ခင်ဗျားက ဘာများထင်နေလဲ'

'ခင်… ခင်ဗျားတို့က ဘယ်သူတွေလဲဟင်'

ထိုအခါ ဝတုတ်ကလည်း အတည်ပေါက်ကြီးဖြင့်ကာ စွန်ရဲအား မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး…

'ဆရာ… ကျွန်တော်တို့ ဒီကောင့်ကို ခေါ်သွားလိုက်ရတော့မလား'

မသိရင် သူတို့ပုံစံက ဟိုလိုလို ဒီလိုလိုဆဲနေထား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် (MAY I HELP U) ကူညီပါရစေဝိုင်းတော်သားများ အတိုင်း မှင်မောင်းကောင်းလှပါသည်။

'095112428 ဖုန်းကိုင်ထားတဲ့ အဲကောင်မလေးကို ခင်ဗျား ကောင်းကောင်းသိရမယ်၊ ဘာလို့လဲဆိုတော့ အဲညက အဲကောင်မလေးဖုန်း List ထဲမှာ ခင်ဗျားရဲ့ ဖုန်းနံပါတ်တွေ ချည်းပဲ'

'ဟုတ်··· ဟုတ်ကဲ့၊ သူ့ကို ကျွန်တော် ကောင်း ကောင်းသိပါတယ်၊ သူ့နာမည်အရင်းက ညမေ၊ ဒီ club ထဲမှာ တော့ သူ့ကို ဟန်နီလို့ပဲ လူသိများကြတယ်။ သူဆုံးသွားတော့ ကျွန်တော်တောင် မသိလိုက်ပါဘူးဗျာ'

ထိုလူက ကပွဲခန်းမ၏ သန့်စင်ခန်းထဲမှာ တရိုတသေ ပုံစံနှင့် သူတို့မေးတာမှန်သမျှ ဖြေကြားပေးနေခြင်းဖြစ်သည်။

'သူ သေတာကို ခင်ဗျား မသိလိုက်ဘူးဆိုတာ မဟုတ်ဘူး၊ ခင်ဗျားနဲ့ အဲညက ပတ်သက်မှုတစ်ခုခုတော့ ရှိရမယ်၊ အမှန်တိုင်း မပြောလို့ကတော့ ခင်ဗျားကို ကျုပ် ဆွဲထည့်လိုက်မှာနော်'

စွန်ရဲရှေ့မှာ ထိုလူက လက်အုပ်လေး ကမန်းကတန်း ချီလိုက်ပြီး···

'တကယ်ပါ ဆရာတို့ရယ်၊ ကျွန်တော်သိတာဆိုလို့





ခရစ်စမတ်ညက ကျွန်တော်ကနေတစ်ဆင့် ပိုက်ဆံပေးပြီး သူ့ ကိုခေါ်ခိုင်းတဲ့ ဦးအောင်လတ်ဆိုတဲ့လူကြီးနဲ့ ကောက်ကောက် ပါသွားတာပဲ သိပါတယ်ဗျာ'

သူ့မျက်ဝန်းထဲမှာ အရောင်တွေတောက်သွား၏။

'အဲ့ဒါကြီးနာမည်က ဘယ်သူ?'

'ဦးအောင်လတ်တဲ့၊ သူ့ပုံစံက လူနဲ့လိုက်ပါတယ်ဗျာ၊ ညတိုင်း အမိုက်စားလေးတွေကို ဒီကလပ်ထဲမှာ မွေ့နေကျ'

'အဲညက ဟန်နီ့ကို သူ အပြင်ခေါ်ထုတ်သွားတဲ့အချိန် ကို ခင်ဗျား အတတ်နိုင်ဆုံးမှတ်မိမလား'

'အင်း···'

ထိုလူက စဉ်းစားသလို မေးစေ့ကို ပွတ်သပ်လိုက် ပြီး···

'ခရစ်စမတ်ည ဆယ်နာရီဆယ့်ငါး၊ နှစ်ဆယ်လောက် က ဖြစ်မယ်ထင်တာပဲ၊ ဘာလို့ ကျွန်တော် ပြောနိုင်တာလဲ ဆိုတော့ ဟန်နီ အဆင်ပြေရဲ့လားဆိုပြီး ကျွန်တော် ဖုန်းလှမ်း ဆက်တဲ့အချိန်မှာ သူ ရှစ်မိုင်ခွဲပဲ ရောက်သေးတယ်၊ ဖုန်းလိုင်း တွေ ပြတ်တောင်းပြတ်တောင်းဖြစ်နေတယ်လို့ ပြောပြီး ဖုန်း ကျသွားတယ်၊ ဒါပဲ'

စွန်ရဲ ခေါင်းထဲမှာ ရှင်းလင်းပြတ်သားသွားပြီး···



www.burmeseclassic.com

www.burmeseclassic.com



'နေဦး… ခင်ဗျားနဲ့ နောက်ဆုံးအဆက်အသွယ်ရတဲ့ အချိန်နဲ့ သူ့ကိုခေါ်သွားတယ်ဆိုတဲ့ လူပုံစံကို ပြန်ပြောပြနိုင်မလား'

ထိုလူ့မျက်နှာပေးက နဂိုထက် တွေးတွေးဆဆဖြစ်သွားဟန်ဖြင့်…

'အင်း… အချိန်က ခရစ်စမတ်ည ၁၀း၄၅ လောက် နောက်ဆုံးအဆက်အသွယ်ရတာပဲ၊ ဟန်နီကို ဖျော်ဖြေဖို့ အဲညက ခေါ်ဆောင်သွားတဲ့ ဦးအောင်လတ်ဆိုတဲ့ လူကြီးကတော့……..





## ပြဿနာများရဲ့အဖြေ (သို့)
## တစ်ညတာအပန်းဖြေမယ်လေးတစ်ဦးရဲ့အကြောင်း

ပြည်လမ်းမကြီးပေါ်မှာ သဘာဝပတ်ဝန်းကျင်ညရှုခင်းများက ဖိတ်ဖိတ်တောက်လှပနေသည်။

ည ၁၀ နာရီဝန်းကျင် အမှောင်ထုက ခမ်းနားထည်ဝါလွန်းသော လမ်းဘေးမီးတိုင်များအား မယှဉ်ပြိုင်နိုင်။

ညသည် ညနှင့်မတူအောင် တောက်ပနေပါသည်။ ပြည်လမ်းမကြီးပေါ်တွင် မော်ဒယ်အသစ်ကားကြီးကားငယ်တချို့ အပြင်းမောင်းနှင်လျက်ရှိနေသေး၏။

တစ်ညတာ အပန်းဖြေဖို့ ဦးအောင်လတ်၏ကားပေါ်တွင် အခန့်သားပါလာသည့် ဟန်နီခမျာ ခရစ်စမတ်ည၏ မီးရောင်စုံရှုခင်းများအား မိန်းမောလျက်လိုက်ပါလာ၏။

လမ်းတစ်လျှောက် တွေ့သမျှပုံရိပ်များအား သူမ၏ လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ရိုက်ပြီးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကား…

10:45 PM

နေရာက

$8\ ^{1}/_{2}$ မိုင်

ကားပေါ်မှာ သူမ ဓာတ်ပုံရိုက်နေစဉ် ဖုန်းတစ်ကော ဝင်လာ၍ (ဓာတ်ပုံရိုက်တဲ့ခလုတ်)အား မပိတ်မိဘဲ ဖုန်းပြန်ဖြေမိသည်။

ဖြစ်ချင်တော့ ဖုန်းလိုင်းက မမိတမိ။

အသံများ မသဲကွဲတာကြောင့်…

'ဟန်နီကို ကားခဏရပ်ပေးပါ၊ ဖုန်းလိုင်းမမိလို့ အောက်ဆင်းပြောချင်လို့၊ Please'

"Nevermind baby, As U Like!"

ဦးအောင်လတ်ကြီး၏ လေသံက နွာသံရောစွက်နေပြီး ထိုနေရာမှာတင် ကားကို လမ်းဘေးချရပ်လိုက်ပါသည်။

ဟန်နီ လမ်းပေါ်တွင် တောင်လျှောက်မြောက်လျှောက်ဖြင့် ဖုန်းလိုင်းမိရန် ကြိုးစားနေမိ၏။

သူမ၏ ခြေလှမ်းများက တစ်ချက်တစ်ချက် လမ်းမပေါ်အတက်…





# ဒုန်း/အား!

**25. DECEMBER 2013 (10:45 PM)**

ဖုန်းတစ်လုံး လေထဲမြောက်တက်သွားပါသည်။

၈ မိုင်ခွဲလမ်းမကြီး၏ဘေး ဘတ်စ်ကားမှတ်တိုင် (Bus-stop)၏ အောက်ခြေနားသို့ ထိုဟန်းဆက်လေးရောက်ရှိသွား၏။ ထိုဟန်းဆက်လေးခမျာ ကြေကွဲပျက်စီးသွားခြင်းတော့ မရှိ။

လူက တခြား၊ ဖုန်းက တခြားစီဖြစ်သွားပါသည်။

သူမ နေရာမှာတင် ခွေခွေလေးလဲကျနေလေ၏။

လက်ယာဘက် လမ်းမဘက်ခြမ်းမှ အပြိုင်မောင်းနှင်လာသော ပြိုင်ကားနှစ်စီးအနက် တစ်စီးက သူမအား ဖြတ်တိုက်၍ နှစ်စီးလုံး ဒုန်းစိုင်းမောင်းပြေးသွားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဖြစ်ရပ်အား ကားပေါ်တွင် ထိုင်စောင့်နေသူ ဦးအောင်လတ်ကြီးက အသံပဲ ကြားလိုက်ရ၍ ဘာဆိုဘာမှ သူမသိလိုက်တာ အမှန်ပဲဖြစ်သည်။

သူ ကားပေါ်ကနေ ဆင်းကြည့်မိသည်။

'ဘုရား... ဘုရား..'

သွေးအိုင်ထဲမှာ ခွေခေါက်လဲကျနေသော ဟန်နီကို မျက်ဝါးထင်ထင် တွေ့လိုက်ရသည်။ ဦးအောင်လတ်မှာ ပါးစပ် အဟောင်းသားနှင့် သွေးလန့်ချောက်ချားသွားလေ၏။

နေရာမှာတင် ငူငူကြီးရပ်ရင်း ဘာဆက်လုပ်ရမလဲ သူ တွေဝေနေသည်။

ဘယ်သူမှ ဤအဖြစ်အပျက်အား မရိပ်မိခင် သူ တစ်ခုခုကို အမြန်ဆုံးအကောင်အထည်ဖော်မှ ဖြစ်မည်။

ဟန်နီအနား အနီးကပ်သွားရောက်ပြီး စစ်ဆေးလိုက်၏။

နှာသီးဝထိပ်မှာ ရှူလိုက်ရှိုက်လိုက်ဖြစ်နေခြင်းကြောင့် သူမ၏အသက်ကို အချိန်မီကယ်တင်ရန် လူပီသစွာ ဆုံးဖြတ်လိုက်သည်။

သူ၏ကားပေါ်သို့ သူမအား မနိုင်တနိုင်ပွေ့တင်လိုက်သည်။ နီးစပ်ရာဆေးခန်းတစ်ခုသို့ အမြန်ဆုံးရောက်အောင် ပို့ဆောင်ပေးရမည်။





ဒါမှ လူပီသရာရောက်ပြီး လူ့အသက်တစ်ချောင်းအား အချိန်မီကယ်တင်နိုင်ပေလိမ့်မည်။

သူ ကြိုးစားကြည့်ရပါလိမ့်မည်။

သို့သော်... ၈ မိုင်ခွဲကနေ ၉ မိုင်အရောက်မှာ တော့...

❖



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏ အသက်ကို အမြန်ဆုံးကယ်တင်နိုင်ရန် အရေးပေါ်ပြေးလွှားနေသော သူ၏ကားလေး ကိုးမိုင်လမ်းမကြီးပေါ်တွင် ရုတ်တရက် ရပ်တန့်သွား၏။

သူ့ကားပေါ်တွင် ပါလာသော သူမ၏ အသက်ရှူသံတွေ ရပ်ဆိုင်းသွားခြင်းကြောင့် ဖြစ်သည်။

ဒီပုံအတိုင်းဆို…

ဘုန်းကြီးအမှု သူ့အား ပတ်လာပါတော့မည်။ သူဘာဆက်လုပ်ရမည်နည်း?

ဒီအခါမှာလည်း သူ့အတွက်ကိုအမှီပြု၍ ထပ်မံလူပီသနိုင်ရန်အတွက် အလုပ်တစ်ခုကို အမြန်ဆုံးလုပ်ဆောင်ရပေလိမ့်မည်။

ထိုလုပ်ရပ်မှာ ကွယ်လွန်သူ မိန်းမပျို၏အလောင်းအားသူ့ကားပေါ်ကနေ ဆွဲချလိုက်လေသည်။

အိပ်မက်အသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ သတိမထားမိနိုင်လောက်သည့် နေရာ၌ အသာလေး စွန့်ပစ်ခဲ့လိုက်ပါသည်။

ပြီးနောက် ပတ်ဝန်းကျင်ကို အကဲခတ်၏။ ကိုးမိုင်လမ်းမပေါ်မှာ လူသူကင်းရှင်းနေပါသည်။ သူ့လုပ်ရပ်အား မည်သူမျှ သတိမထားမိနိုင်။ သေချာပါသည်။

သူ့ကားပေါ်သူ အမြန်ဆုံးပြန်တက်လိုက်ရင်း ကားစက်ကို ဒရောသောပါးနှိုးကာ လီဗာကို အဆုံးစွန်သို့မြှင့်တင်လိုက်၏။

ကိုးမိုင်လမ်းမကြီး၏ ဘေး၌ မိန်းမပျို၏ ခရစ်စမတ်ဝိညာဉ်တော်မှာ သူနှင့် လောကတခွင်လုံးအား အပြီးအပိုင်နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့ရှာလေတော့သည်။

❖





'ဒေါက်...'

စွန်ရဲလက်ထဲတွင် အသင့်ဝှက်လာသော recorder အသံဖမ်းစက်လေး၏ ခလုတ်ပိတ်လိုက်သံ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တရားခံအား အဖြေထုတ်နိုင်ရန် အဆင့်တစ်ဆင့်သာ ကျန်ပါတော့သည်။

သမိုင်းပေးတာဝန်အရ မဟုတ်ဘဲ၊ သူ့သိက္ခာက ပေးအပ်လာသည့်တာဝန်အား ဘယ်သူသိသိ မသိသိ ကျေပွန်အောင်တော့ ထမ်းဆောင်ရပါလိမ့်မည်။





ဆိုတာ မသိသေးခင်မှာပေါ့။

…ဆိုတာ မသိသေးခင်မှာပေါ့။ ကံကြမ္မာလှည်းဘီးပေါ်ငါစီးနင်း…

အဲဒီ သံသရာထဲမှာ .....

ကိုယ့်ခေါင်းကိုယ် မတော်နိုင်တော့တဲ့အချိန်

ကိုယ့်နှုတ်ခမ်းကိုယ် ပြတ်လုမတတ် .....

ကိုက်မိနေတာ

ဘယ်သူသိမလဲ?

တစ်နေ့

ငါ ... ပြန်လည်နိုးထလာခဲ့မယ်။

တစ် ... နှစ် ... သုံး ... ဝှန်း



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

'ဘယ်လိုလဲ စွန်ရဲ၊ တရားခံကို နင် ရှာတွေ့တော့မှာလား'

'အင်း… ကွင်းဆက်က ပြတ်သွားပေမယ့် ဒီအမှုပေါ်ကို ပေါ်ရလိမ့်မယ်လို့ ငါယုံကြည်နေတယ်'

'အဲဒီအမှု အမှန်အတိုင်းပေါ်တော့ရော နင် ဘာဖြစ်မှာလဲ'

'သက်ဆိုင်ရာကလည်း ဒီအမှုကို ပေါ်အောင်လိုက်နေမှာပဲလေ၊ ငါ့ကြောင့် ဒီအမှု အမှန်အတိုင်း အမြန်ဆုံးပေါ်သွားရင်ရော မကောင်းဘူးလား'

သူမကို စွန်ရဲ ချက်ကျလက်ကျ ပြန်ပြောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှာလည်း ကွယ်လွန်သူဟန်နီ၏ ဖုန်းကို အနား မပေးသေး။

ဖုန်းထဲမှ ဖိုင်ပေါင်းစုံအား အေမှ ဇက်ထိ ဆက်လက် မွှေနှောက်ကြည့်နေမိပြန်သည်။

သူ့အတွက် တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား။

ကြယ်ဖြူက သူမ၏ လက်ဝဲဘက်ရင်ခွင်အား လက်ကလေးနှင့် ဖိရင်း...

'နင့်ကို ငါချစ်တယ် စွန်ရဲ'

'ဟင်...'

ဆိုင်းမဆင့် ဗုံမပါ ပေးလာသောအဖြေကြောင့် သူ အံ့သြယူရသည်။

'နင်... နင် ငါ့ကို အဖြေပေးလိုက်တာလား ကြယ်ဖြူ'

'အင်းပေါ့... ငါတို့ကြားမှာ တက်နေတဲ့ ပြဿနာ အဖြေပေါ်မှ နင့်ကို ငါ အဖြေပေးရင် မတရားရာကျမှာစိုးလို့'

'အဲဒါဆို ငါ့သိက္ခာက သတ်သတ်၊ ငါ့အချစ်ရေးက သတ်သတ်လို့ နင်ဆိုလိုချင်တာပေါ့၊ ငါ ဝမ်းသာလိုက်တာဟာ၊ နင့်ရဲ့လက်ကို ငါတွဲပြီး ဟောဒီပန်းခြံတစ်ပတ် ပတ်ပြေး





ရရင် ကောင်းမလားမသိဘူး'

'ဘာလို့ အဲလိုလုပ်ချင်ရတာလဲ'

'သိဘူးလေ၊ မြန်မာဗီဒီယိုကားတွေထဲမှာ မင်းသမီးက မင်းသားကို အဖြေပေးလိုက်ပြီဆိုရင် မင်းသမီးရဲ့ ရှက်ပြုံးလေးနဲ့အတူ သီချင်းတစ်ပုဒ်ဝင်ချင် ဝင်၊ မဝင်ရင် မင်းသားရဲ့ဘေးနားက မင်းသမီးကို ရင်ခွင်ထဲဆွဲသွင်းလိုက်တာပဲ မဟုတ်ဘူးလား? ငါလည်း တစ်ခုခုစမ်းသပ်ကြည့်ရင် ကောင်းမလားလို့'

'ပေါလိုက်တာဟယ်'

သူနှင့် သူမ တရားဝင်ချစ်သူတွေဖြစ်ကြတဲ့နေ့က ဒီလောက်ပဲဖြစ်၏။

တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်ဖို့နေနေ သာသာ ဖုန်းတစ်လုံးနှင့် သူ အလုပ်တွေရှုပ်နေခြင်းကြောင့် ဖြစ်သည်။

အချစ်ကို ပေါလိုက်တာဟယ်ဆိုတဲ့ စကားလေး တစ်ခွန်းဖြင့်သာ ချစ်သူတွေကြား ရိုမန့်တစ်ဖြစ်စေခဲ့၏။

အဘယ်ကြောင့်ဆိုသော် သူကလိုနေသော ဖုန်းဓာတ်ပုံ ဖိုင်ထဲမှ ကားနံပါတ်ပါ ပုံရိပ်တစ်ခုကို ပြတ်သားစွာတွေ့ရှိလိုက်ခြင်းကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



××××

××××?





ပြဿနာများရဲ့ အတည်ပြုအဖြေ။

×××

×××

တစ်ညတာ အပန်းဖြေဖို့ ဦးအောင်လတ်၏ ကားပေါ်တွင် အခန့်သားပါလာသည့် ဟန်နီခမျာ ခရစ်စမတ်ည၏ မီးရောင်စုံရှုခင်းများအား မိန်းမောလျက်ဖြစ်နေ၏။

လမ်းတစ်လျှောက်...

တွေ့သမျှပုံရိပ်များအား သူမ၏လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ရိုက်ဖြစ်နေပါသည်။

× × × ×

× × × ×



www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်ကား…

10:45 PM





နေရာက

8 1/2 မိုင်


www.burmeseclassic.com

www.burmeseclassic.com



×××

×××

ကားပေါ်မှာ သူမ ဓာတ်ပုံရိုက်နေစဉ် ဖုန်းတစ်ကော ဝင်လာ၍ (ဓာတ်ပုံရိုက်တဲ့ခလုတ်)အား မပိတ်မိဘဲ ဖုန်းပြန်ဖြေမိသည်။

ဖြစ်ချင်တော့ ဖုန်းလိုင်းက မမိ။





× × × ×

× × × ×

'ဟန်နီကို ကားခဏရပ်ပေးပါ၊ ဖုန်းလိုင်းမမိလို့ အောက်ဆင်းပြောချင်လို့ please'

"Nevermind baby, As U Like."



www.burmeseclassic.com

www.burmeseclassic.com



# ဒုန်း/အား!





25. DECEMBER 2013 (10:45 PM)

8 1/2 mile

လေထဲတွင် မြောက်တက်သွားသော ဖုန်းလေးထဲ၌ သူမအား ဖြတ်တိုက်ပြီး မောင်းပြေးသွားသည့် ကားနံပါတ်ပုံရိပ်တစ်ခုအား ပြတ်သားစွာ (အမှတ်တမဲ့) ဖမ်းယူထားလိုက်မိ၏။ ထိုဓာတ်ပုံဖိုင်ထဲမှ ကားနံပါတ်ပုံရိပ်သည်...?

❖



www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ မသိလိုက်သည့် ကားတိုက်မှုဖြစ်စဉ်တစ်ခု လုံးအား သူကိုယ်တိုင် အလုံးစုံအဖြေထုတ်နိုင်ခဲ့သော ယနေ့ သည်···

1. JANUARY 2014.





ဟန်နီ (ခေါ်) ညမေ။

အသုံးတော်ခံ မိန်းကလေး၏ ကားတိုက်၍ အသက်ဆုံးရှုံးခဲ့ရသောနေ့မှာ···

25. DECEMBER. 2013

ဖြစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com



1. JANUARY 2014

နှင့်

25. DECEMBER 2013

တစ်ပတ်တိတိအတောအတွင်း…

မည်သူမျှမသိသော

ဆက်သွယ်မှုဧရိယာပြင်ပသို့

မိန်းကလေးတစ်ယောက်

ရောက်ရှိနေခဲ့ပါသည်။

❖





ထိုအမှုမှန် ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာမှ တာဝန်ရှိသူများကလည်း အဆင့်ဆင့်စုံစမ်းမှုများ ပြုလုပ်နေကြောင်း သိရှိရပါသည်။

အချိန်တန်လျှင်…

အမှန်တရားစုံလုံးပေါ်လာလိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်…





## နိဂုံး

'အချစ်ဆိုတာ ဘာလဲဟင်'

'I love (U) ပေါ့'

'ဘာလို့ (U) ကို ကွင်းစကွင်းပိတ်ခတ်ထားရတာလဲ?'

'(U) ပြီးရင် V, W, X, Y, Z တွေလည်း ရှိလာလိမ့်မယ်ထင်လို့'

'ရှင်နော်… ခုထိ နောက်တီးနောက်တောက်လုပ်တုန်းပဲလား'

ကောင်လေးက ထိုအဆိုအား ပျာပျာသလဲဖြေရှင်းရှာသည်။

'ဟင့်အင်း… အလကားလည်း မနောက်ရဲတော့ပါဘူး၊ သားသားကြောက်ကြောက်၊ နှစ်ထပ်ရှိ မမှတ်မိရင် နေပါ



www.burmeseclassic.com

www.burmeseclassic.com



စေတော့၊ ကိုယ့်ချစ်သူလေးဘေးမှာပဲ သေသွားပါရစေကွယ်’

ကောင်လေးက ပြောပြောဆိုဆိုနှင့် ကောင်မလေး၏ လက်အား မလွှတ်တမ်း ဖမ်းဆုပ်လိုက်ပါသည်။

အင်းလျားကန်စပ်မှာ ရေပြင်သို့ မျက်နှာမူနေသော ချစ်သူနှစ်ယောက်က အခြားလူများရှိနေသည့် လောကကြီး တစ်ခုလုံးအား ကျောပေးထားသလို ဖြစ်နေပါသည်။

နေဝင်ချိန် ညနေဆည်းဆာ၏ အရိပ်အာဝါသအောက် ၌ ကောင်လေး၏ ကျန်လက်တစ်ဖက်က လေပေါ်သို့ မြောက် တက်သွားသည်။

သူ့လက်ထဲက အရာနှစ်ခုအား ဘယ်သူမှမမြင်ခင် အင်းလျားရေပြင်၏ အဝေးဆုံးကြမ်းပြင်ထိရောက်အောင် လွှင့်ပစ်လိုက်ပုံရသည်။





# ပလုံ!



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားရေအောက်ကြမ်းပြင်ထိ ရောက်ရှိသွားသော အရာဝတ္ထုနှစ်ခုအနက် တစ်ခုက ဟန်းဖုန်းတစ်လုံးဆိုလျှင် နောက်တစ်ခုမှာ ဘာပစ္စည်းဟု သင်ထင်ပါသနည်း?





ကွယ်လွန်သူ မိန်းမပျို ကိုင်ဆောင်သွားသော ဖုန်းထဲရှိ ဓာတ်ပုံဖိုင်ထဲ၌ နောက်ဆုံး အမိအရဖမ်းယူထားခဲ့နိုင်သည့် ကားနံပါတ်ဓာတ်ပုံဆိုသည်မှာ···





www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကိုမှ အပြစ်မဆိုကြပါနဲ့။

ဆက်သွယ်မှုဧရိယာပြင်ပဘက်က
အထူအပါးနားမလည်တဲ့ ကြယ်တစ်ပွင့်လို့...
ငါ့ကိုယ်ငါ ဇက်ကြိုးတပ်ပြီး ခုန်ဆင်းကြည့်မိတယ်။

ကိုယ့်ကိုယ်ကိုယ်
"သေကြောင်းကြံစည်မှု"
ငါ့ဆုတံဆိပ်အဖြစ် ရင်ထိုးတပ်မိတော့မလို့။

က်ဘေးဖယ်လို့သာ အချစ်ရယ်...
မင်းရဲ့လက်တစ်ကမ်းကို ဖမ်းဆွဲမိလိုက်တယ်။

ဖြေပါ...
အမှန်တရားဆိုတာ ဂြိုဟ်နဲ့လားကွယ်။





သင်သာဆိုရင်...
ဒီဇာတ်လမ်းရဲ့ နောက်ဆုံး(အကြွင်းမရှိ)
အဖြေထွက်တဲ့အထိ သင်ကိုယ်တိုင် တွက်ချက်ယူနိုင်ပါတယ်။
ဘေးထွက်ဆိုးကျိုးတစ်ခုခုဖြစ်လာခဲ့ရင်တော့
ဆက်သွယ်မှုဧရိယာပြင်ပဘက်က
ကျွန်တော်ဟာ တာဝန်ယူလိမ့်မည် မဟုတ်ပါ။ ။

သည်ခေတ်နေ
Out of Service
လူအချင်းချင်း စိတ်ကောက်ခြင်း ကင်းရှင်းကြပါစေ။



www.burmeseclassic.com